www.dhammadownload.com


မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ


ဟောကြား ရေးသားစီရင်အပ်သော

# မိဘကျေးဇူးဆပ်ပါ သိကောင်းစရာ

## တရားတော်

သာသနာ - ၂၅၅၃ ကောဇာ-၁၃၇၁ ခုနှစ် - ၂၀၀၉

www.dhammadownload.com

## ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

- သူ့အသက်သတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။
- ခိုးယူတတ်ငြား၊ ပစ္စည်းရှား၊ မခိုးပေါ်များသည်။
- ကာမဂုဏ်မှား၊ လူမုန်းများ၊ မမှားချစ်ခင်သည်။
- လိမ်လည်တတ်ငြား၊ စကားမတည်၊
  မလိမ်ငြား၊ စကားကောင်းစွာတည်။
- အရက်သောက်စား၊ မေ့လျော့များသည်၊
  မသောက်စား၊ သတိဉာဏ်ပွားသည်။
- မိဘဟူသည်၊ ဗြဟ္မာတူ၏၊ လက်ဦးဆရာ၊
  ပူဇော်ရာ၊ မှန်စွာဖြစ်ပေသည်။
- ထို့ကြောင့်ပင်လျှင်၊ ကျေးဇူးရှင်၊ အစဉ်ဖြစ်ပေသည်။
- မိဘနှစ်ဖြာ၊ အိုမင်းလာ၊ ပြန်ကာလုပ်ကျွေးကြလိမ့်မည်။
- မိဘတို့မှာ၊ ပြုဖွယ်ရာ၊ ကူကာလုပ်ပေးကြလိမ့်မည်။
- မျိုးရိုးစဉ်လာ၊ ရှည်မြင့်ကြာ၊ တည်ရာပြုကြပေလိမ့်မည်။
- မွေခံထိုက်ရာ၊ ကျင့်ဖွယ်ရာ၊ ကျင့်ကာမွေခံကြလိမ့်မည်။
- ကွယ်လွန်သောခါ၊ လှူဖွယ်ရာ၊ လှူကာမျှဝေကြလိမ့်မည်။

www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

## သဒ္ဓမ္မရံသီရိပ်သာဆရာတော်

## အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

# မိဘကျေးဇူးဆပ်ပါ သိကောင်းစရာ

# တရားတော်

သာသနာ - ၂၅၅၂ ကောဇာ-၁၃၇၀ ခရစ် - ၂၀၀၈

www.dhammadownload.com

**ပုံနှိပ်မှတ်တမ်း**

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်

၃၂၀၂၄၉၀၅၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၂၀၇၅၃၀၆၀၉

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

**အုပ်ရေ** – ၃၀၀၀

**တန်ဖိုး** –

**ပုံနှိပ်ပြီးသည့်လ**

ဇွန်လ၊ ၂၀၀၉ ခုနှစ်

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးသိန်းထွန်း (၀၄၈၂၂)

သိန်းထွန်းအော့ဖ်ဆက်၊ ၅၀/၅၂၊ ဒဂုံသီရိလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁-၅၄၂၀၅၆

**ထုတ်ဝေသူ**

ဒု-ဗိုလ်မှူးကြီး တင်အောင်(လေ-အငြိမ်းစား)၊

(၀၃၃၆၆)

သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဇေယျာခေမာလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

ဖုန်း- ၀၁-၆၆၁၅၉၇၊ ၆၅၀၅၇၆

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

www.dhammadownload.com

# မိဘကျေးဇူးဆပ်ပါ သိကောင်းစရာ တရားတော်

ဒီနေ့ ၁၃၆၃-ခု၊ ဝါခေါင်လကွယ်နေ့ နံနက်ပိုင်းမှာ ဟောကြားမည့် တရားတော်က **"မိဘကျေးဇူးဆပ်ပါ သိကောင်းစရာ"** တရားတော်ကို ဟောကြားပေးပါမယ်။

ဘာဖြစ်လို့ မိဘကျေးဇူးကိုဆပ်ရမှာလဲ။ ကျေးဇူးကြီးလို့ဆပ်ရမှာပါတဲ့။ အိမ်တိုင်းအိမ်တိုင်းမှာ မိဘနှင့်သားသမီး ရှိကြတာများပါတယ်။ မိဘရဲ့ကျေးဇူးကို သိပြီးတော့ ကျေးဇူးဆပ်တတ်တဲ့ သားသမီးများမှာတော့ ဒီဘဝမှာလည်း ကိုယ်ချမ်းသာစိတ်ချမ်းသာနဲ့ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးတရားတွေ တိုးပွားအောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။ နောက်နောင်

www.dhammadownload.com



ဘဝသံသရာတွေမှာလည်း ကိုယ်ချမ်းသာစိတ်ချမ်းသာနဲ့ နှစ်ဖြာသော အကျိုးတရားတွေ တိုးပွားအောင် ဆောင်ရွက်နိုင်ပြီးတော့ နိဗ္ဗာန်ချမ်းသာ ရောက်သည့်ဘဝတိုင်အောင် အထောက်အပံ့ကောင်းတွေ ဖြစ်သွားနိုင်တယ်လို့ မြတ်စွာဘုရားရဲ့ တရားဒေသနာတော်အရ သိကြရလို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် မိဘကျေးဇူးကို ဆပ်ကြရပါသည်။

အသက်ထင်ရှားရှိနေတဲ့ အခိုက်အတန့်မှာလည်း မိဘကျေးဇူးကိုဆပ်ရတယ်။ မိဘတွေ ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်းမှာလည်း မိဘရဲ့ကျေးဇူးတွေကို ကောင်းမှုအထူးတွေပြုပြီးတော့ အမျှအတန်းပေးဝေသောအားဖြင့် ကျေးဇူးတွေဆပ်ရတယ်။ အသက်ထင်ရှားရှိနေတဲ့ အခိုက်အတန့် မိဘကျေးဇူးဆပ်ရတာ လွယ်ကူပါတယ်။ ဒါကြောင့် သားသမီးများက အသက်ထင်ရှားရှိတဲ့ မိဘများကို မိမိတို့စွမ်းနိုင်သမျှ ကျေးဇူးဆပ်ကြရပါသည်။

စားဖွယ်သောက်ဖွယ်တွေ ချက်ပြုတ်စီမံ လှူဒါန်းသောအားဖြင့်လည်း ကျေးဇူးဆပ်လို့ရတယ်။ အဝတ်အထည်တွေ ချုပ်လုပ်လှူဒါန်းသောအားဖြင့်လည်း

www.dhammadownload.com



ကျေးဇူးဆပ်လို့ရတယ်။ ဝတ်ကြီးဝတ်ငယ်တွေ ပြုလုပ်ပေးသောအားဖြင့်လည်း ကျေးဇူးဆပ်လို့ရတယ်။ စွမ်းနိုင်သမျှ ကျေးဇူးဆပ်ရပါတယ်။

ဒီလိုမဟုတ်ဘူး။ အသက်ထင်ရှားရှိနေတဲ့အခိုက်အတန့်မှာ မိဘတွေနဲ့ အတူနေပြီးတော့ ကျေးဇူးဆပ်ရမှန်းလည်းမသိဘူး။ အမှုမဲ့အမှတ်မဲ့နဲ့ပဲ နေလိုက်တယ်။ နောင်မိဘတွေ ကွယ်လွန်သွားတဲ့အခါကျတော့မှ "အို ... မိဘကျေးဇူးတွေကြီးလိုက်တာ၊ ကျေးဇူးလည်း မဆပ်လိုက်ရပါလား၊ မဆပ်လိုက်ရပါလား" လို့ ဒီလို နောင်တပူပန်မှုလေးတွေ ဖြစ်နေတတ်တယ်တဲ့။ နောင်တပူပန်မှုလေးတွေဖြစ်နေရင် ကုသိုလ်လား၊ အကုသိုလ်လား ... အကုသိုလ်ပါဘုရား။ ကုက္ကုစ္စတဲ့။ အကုသိုလ်တွေဖြစ်နေလျှင် နေရာမကျတော့ဘူးပေါ့။

ဒါကြောင့် တရားနာပရိသတ်များ အသက်ထင်ရှားရှိနေတဲ့ မိမိတို့မိဘတွေကို စွမ်းနိုင်သမျှ ကျေးဇူးဆပ်နေကြရတယ်။ ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်းမှာလည်း ကျေးဇူးဆပ်ရတယ်။ မြတ်စွာဘုရား တရားဒေသနာတော်အရ ကွယ်လွန်သွားတဲ့မိဘများကို

www.dhammadownload.com



ရည်မှန်းပြီးတော့ ဒါနစတဲ့ကောင်းမှုတွေပြုပြီး အမျှဝေသောအားဖြင့် ကျေးဇူးဆပ်ရတယ်။

တိုက်ရိုက်တော့ ကျေးဇူးဆပ်လို့ မရတော့ဘူး။ တစ်ဆင့်ပေးအနေနဲ့ အမျှပေးဝေသောအားဖြင့် ကျေးဇူးဆပ်ကြရတယ်။ ပုဂ္ဂိုလ်က ထင်ရှားမရှိတဲ့အတွက်ကြောင့် တိုက်ရိုက်တော့ ကျေးဇူးဆပ်လို့ မရတော့ဘူး။ အမျှဝေသောအားဖြင့် မြတ်စွာဘုရား ပေးသနားတော်မူတဲ့နည်းဖြင့် ကျေးဇူးဆပ်ကြရတယ်။ မိဘများအတွက် ရည်မှန်းပြီးတော့ ဒါနစတဲ့ ကောင်းမှုတွေပြုပြီးတော့ ရရှိတဲ့ကုသိုလ်ကောင်းမှု အဖို့ဘာဂတွေ မိဘများထံ ရောက်ပါစေ၊ ရပါစေဆိုတဲ့အနေနဲ့ အမျှဝေသောအားဖြင့် ကျေးဇူးဆပ်ကြရတယ်။

အဲဒီလို အမျှဝေဆဲခဏမှာ ကျေးဇူးရှင်မိဘများက ဖြစ်လေရာရောက်လေရာ ဘုံဘဝက နတ်၏နား၊ နတ်၏မျက်စိ၊ နတ်၏ဝိညာဉ်ဖြင့် သိနိုင်၊ မြင်နိုင်၊ ကြားနိုင်ပြီးလျှင် သာဓုခေါ်လိုက်မယ်ဆိုလို့ရှိရင် ဒီကသားသမီးများက ပြုပေးတာနှင့်အမျှ ပြုပေးတာနဲ့မကပင် မိဘများမှာ အကျိုးတရားတွေ ခံစားရရှိသွားနိုင်ပါတယ်။

www.dhammadownload.com



မြင့်မြတ်ရာ၊ မြင့်မြတ်ရာ ဘုံဘဝသို့ တစ်ဆင့်ရောက်ပြီးတော့ မြင့်မြတ်ရာ၊ မြင့်မြတ်ရာ ဘုံဘဝတွေမှာ ကောင်းကျိုးချမ်းသာအမျိုးမျိုးတွေ ခံစားရရှိနိုင်တယ်။ ရရှိပြီးသည့်အပြင် နိဗ္ဗာန်ချမ်းသာရောက်သည့်ဘဝတိုင်အောင် အထောက်အပံ့ကောင်းတွေလည်း ဖြစ်သွားနိုင်တယ်ဟု မြတ်စွာဘုရား တရားဒေသနာတော်အရ သိကြရလို့ ယခုတရားနာပရိသတ်များ မိမိတို့မိဘများ ကွယ်လွန်သွားပြီးသည့်နောက်ပိုင်းမှာလည်း ဒါနစတဲ့ ကောင်းမှုတွေပြုပြီးတော့ အမျှမဝေကြရပါဘူးလား ... အမျှဝေကြရပါတယ်ဘုရား။ အမျှဝေသောအားဖြင့် ကျေးဇူးဆပ်ရတယ်တဲ့။

ဟိုက်ရိုက်တော့ သွားဆပ်လို့မရတော့ဘူး။ ဘာဖြစ်လို့လဲ။ ပုဂ္ဂိုလ်က ထင်ရှားမရှိတော့လို့ဖြစ်တယ်။ ဒါပေမဲ့ တချို့တချို့သော ဘာသာဝါဒ အယူအဆများကျတော့ တိုက်ရိုက်ကျေးဇူးဆပ်တဲ့အနေနဲ့ သုသာန်သင်္ချိုင်းတွေမှာ မွန်မြတ်တဲ့ စားဖွယ်သောက်ဖွယ်တွေသွားပြီးတော့ ထားပေးကြ၊ ကျေးဇူးဆပ်ကြတယ်။ သူတို့ဘာသာဝါဒ အယူအဆအရ ကျေးဇူးဆပ်တာပါပဲ။

www.dhammadownload.com



ဗုဒ္ဓတရားတော်အရ တိုက်ရိုက်တော့ ကျေးဇူး ဆပ်လို့မရဘူး။ တစ်ဆင့်ပေး အမျှဝေသောအားဖြင့် ကျေးဇူးဆပ်လို့ရတယ်။ အဲဒါလည်း မြတ်စွာဘုရား လက်ထက်တော်အခါက သာဓကတွေ ထင်ရှားရှိခဲ့ပါ တယ်။

တစ်ချိန်သောအခါ သာဝတ္ထိပြည်သူ အမျိုးသမီး တစ်ယောက် ကောင်းမှုရှင်တစ်ယောက်ပါပဲ။ အကြောင်း အားလျော်စွာ သူတစ်ပါး၏အဝတ်ထမီကို သွားခိုးမိတဲ့ အတွက်ကြောင့် ကွယ်လွန်သွားတဲ့အခါကျတော့ သမုဒ္ဒရာ ကျွန်းတစ်ခုမှာ နတ်သမီးသွားဖြစ်တယ်။ အလွန်ခမ်းနား တဲ့ ဗိမာန်ရှင်နတ်သမီး သွားဖြစ်တယ်။

တစ်နေ့သောအခါ သာဝတ္ထိပြည်သားကုန်သည် များက ပင်လယ်သမုဒ္ဒရာခရီး လှေသင်္ဘောဖြင့် ကုန် သွယ်ထွက်ကြတယ်။ သမုဒ္ဒရာကျွန်း အနီးသို့ရောက် တော့ အဲဒီသမုဒ္ဒရာကျွန်းပေါ် တက်ကြည့်ကြတယ်။ တက်ကြည့်လိုက်တဲ့အခါ အလွန်ခမ်းနားတဲ့ ဗိမာန်ကြီး တစ်ခု တွေ့ကြတယ်။ ဗိမာန်ထဲလှည့်လည်ပြီး ကြည့် လိုက်တော့ ဗိမာန်ရှင်ကိုမတွေ့ရ၍ အချင်းချင်းပြော

www.dhammadownload.com



ကြတယ်။ "ဗိမာန်ကြီးကလည်း သိပ်ခမ်းနားတာပဲ၊ ဗိမာန်ရှင်နဲ့ တွေ့ချင်လိုက်တာ။ ဗိမာန်ရှင် မရှိဘူးထင်တယ်" ဟု သူတို့အချင်းချင်း ဒီလိုပြောကြတော့ နတ်သမီးကြားသွားတယ်။ "ဗိမာန်ရှင်ရှိပါတယ်"။ "ဒီလိုဆိုရင်ထွက်ခဲ့ပါ၊ တွေ့ချင်နေကြပါတယ်"။

"သင်တို့နဲ့ကျွန်ုပ် တွေ့လို့မရဘူး၊ ကျွန်ုပ်မှာ အဝတ်ထမီမရှိဘူး"။ "အို ... ဒီလိုလား၊ ဒီလိုဆိုလို့ရှိရင်တော့ ကျွန်ုပ်တို့မှာ အဝတ်အထည်တွေ အများကြီးပါပါတယ်"။ အဝတ်အထည်တွေစုပြီးတော့ အသံကြားတဲ့နေရာ သွားချထားကြတယ်။ "အကျွန်ုပ်ကို ဒီလိုပေးလို့မရပါဘူး၊ ဘဝခြားနေပါတယ်"။

"ဒါဖြင့်ဘယ်လိုပေးရပါ့မလဲ"ဆိုတော့ "သင်တို့ကုန်သည်တွေထဲက သရဏဂုံသီလရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ရွေးပြီးတော့ အဲဒီအဝတ်အထည်တွေကို ပေးလှူပါ။ ပေးလှူပြီးတဲ့အခါ အကျွန်ုပ်ကို အမျှဝေရင်တော့ အကျွန်ုပ်ရနိုင်ပါတယ်"ဟု နတ်သမီးဆိုသည့်အတိုင်း သရဏဂုံသီလရှိသည့် ကုန်သည်ကို သူတို့မှာပါသည့် အဝတ်အထည်များကို ပေးလှူကြကုန်၏။

www.dhammadownload.com



ပေးလှူပြီးသောအခါ "ကျွန်ုပ်တို့ပြုသည့် ဒါန ကုသိုလ်ကောင်းမှုတွေကို ဗိမာန်ရှင်နတ်သမီးအား အမျှ ဝေပါတယ်။ အမျှယူတော်မူပါ၊ သာဓုခေါ်တော်မူပါ"ဟု အမျှဝေလိုက်သောအခါ ဗိမာန်ရှင်နတ်သမီးက "သာဓု ... သာဓု"ဟု ခေါ်လိုက်တော့ အဝတ်အထည်တွေ၊ အဝတ် ထမီတွေ အပြည့်အစုံရသွားတယ်တဲ့။ တိုက်ရိုက်ပေးလို့ ရပါရဲ့လား ... တိုက်ရိုက်ပေးလို့မရပါဘုရား။ တိုက်ရိုက် ပေးလို့မရဘူး။

(နရသာသနကျမ်း-၄၉၀)

ဘဝတွေကခြားနေတဲ့အတွက်ကြောင့် အမျှဝေ သောအားဖြင့်ပဲ ပေးလို့ရတယ်ဆိုတာ မထင်ရှားပါဘူး လား ... ထင်ရှားပါတယ်ဘုရား။ မိဘတွေကိုအမျှဝေ တာ အဲဒီနည်းအတိုင်းပါပဲတဲ့၊ အကြောင်းညီညွတ်ရင် ရသွားနိုင်ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား ကြီးကတော့ အမျှဝေတဲ့နေရာမှာ အထူးဝိသေသနပြုပြီး တော့ အမျှဝေတယ်။ အမျှဝေစေတယ်။ နတ်၏နား၊ နတ်၏မျက်စိ၊ နတ်၏ဝိညာဉ်ဖြင့် သိနိုင်၊ မြင်နိုင်၊ ကြား

www.dhammadownload.com



နိုင်ပြီးလျှင် သာဓုခေါ်နိုင်ပါစေဟု အထူးဝိသေသနပြု ပြီးတော့ အမျှဝေတယ်၊ အမျှဝေစေတယ်။

ဘာဖြစ်လို့လဲဆိုတော့ လူ၏နား၊ လူ၏မျက်စိ၊ လူ၏ဝိညာဉ်နဲ့တော့ မသိနိုင်၊ မမြင်နိုင်၊ မကြားနိုင်တော့ဘူး။ ကြားနိုင်ပါသေးသလား ... မကြားနိုင်တော့ပါဘုရား။ မကြားနိုင်တော့ဘူး၊ ဘဝတွေခြားသွားပြီ။ နတ်၏နား၊ နတ်၏မျက်စိ၊ နတ်၏ဝိညာဉ်နဲ့တော့ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်သေးတယ်။

နတ်တွေဆိုတာ နတ်တို့ရဲ့သဘာဝအတိုင်း သူတို့ သိချင်၊ မြင်ချင်၊ ကြားချင်ပါတယ်ဆိုလို့ရှိရင် အာရုံပြုလိုက်၊ မိုင်ပေါင်းသိန်းသန်းကုဋေမက ဝေးကွာနေတဲ့ အရပ်ဒေသမှာရှိတဲ့ အသံသေး၊ အသံဝေးတွေကို ကြားချင်ပါတယ်ဆိုရင် အာရုံပြုလိုက် ဒိဗ္ဗသောတလို့ခေါ်တဲ့ နတ်၏နားဖြင့် ကြားသွားနိုင်တယ်။

မိုင်ပေါင်းသိန်းသန်းကုဋေမက ဝေးကွာနေတဲ့ အရပ်ဒေသမှာရှိတဲ့ အဆင်းသေး၊ အဆင်းဝေးတွေ မြင်ချင်ပါတယ်ဆိုရင် အာရုံပြုလိုက် ဒိဗ္ဗစက္ခုလို့ခေါ်တဲ့

www.dhammadownload.com



နတ်၏မျက်စိဖြင့် မြင်သွားနိုင်ပါတယ်။ ဒါကြောင့် နတ်၏နား၊ နတ်၏မျက်စိ၊ နတ်၏ဝိညာဉ်ဖြင့် သိနိုင်၊ မြင်နိုင်၊ ကြားနိုင်ပြီးလျှင် သာဓုခေါ်နိုင်ပါစေလို့ အထူးဝိသေသန ပြုပြီးတော့ အမျှဝေကြရပါတယ်။ အမျှဝေသောအားဖြင့် မိဘကျေးဇူးကိုဆပ်ကြရပါတယ်။ မြတ်စွာဘုရားကိုယ်တိုင်လည်း ပါဠိတော်မှာ ဟောကြားခဲ့ပါတယ်။

**အဒါသိ မေ အကာသိ မေ၊**
**ဉာတိ မိတ္တာ သခါ စ မေ။**
**ပေတာနံ ဒက္ခိဏံ ဒဇ္ဇာ၊**
**ပုဗ္ဗေ ကတမနုဿရံ။**

**မေ** = ငါ၏၊ **ဉာတိမိတ္တာစ** = ဆွေမျိုးမိဘတို့သည်လည်းကောင်း၊ **သခါစ** = အဆွေခင်ပွန်းတို့သည်လည်းကောင်း၊ **မေ** = ငါ့အား၊ **အဒါသိ** = ပေးသင့်ပေးထိုက်တာကို ပေးခဲ့ဖူးလေပြီ။ **မေ** = ငါ၏၊ **အတ္တံ** = အကျိုးစီးပွားအလို့ငှာ၊ **အကာသိ** = ပြုခဲ့ဖူးလေပြီ။ **ဉာတိ** = ဤသို့၊ **ပေတာနံ** = တမလွန်ဘဝသို့ပြောင်းသွားကုန်သော မိဘဆွေမျိုး အဆွေခင်ပွန်းတို့၏၊ **ပုဗ္ဗေ** = ရှေး၌၊ **ကတံ** = ပြုထားအပ်သောသူ့ကျေးဇူးကို၊

www.dhammadownload.com



**အနုသာသရံ-အနုသာသရန္တော** = အစဉ်အောက်မေ့လျက်၊ **ပေတာနံ** = တမလွန်ဘဝသို့ပြောင်းသွားကုန်သော မိဘဆွေမျိုး အဆွေခင်ပွန်းတို့ကို၊ **ဥဒ္ဒိဿ** = ရည်မှန်း၍ **ဒက္ခိဏံ** = မြတ်သောအလှူကို၊ **ဒဇ္ဇာ-ဒဒေယျ** = ပေးလှူရာ၏ (ဝါ) ပေးလှူ၍ အမျှအတန်းဝေရာ၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

မိမိတို့ရှေ့က ကွယ်လွန်သွားတဲ့ မိဘတွေ၊ ဆွေမျိုးတွေ၊ အဆွေခင်ပွန်းတွေ အသက်ထင်ရှားရှိနေစဉ် အခိုက်အတန့် မိမိတို့ကို ပေးသင့်ပေးထိုက်တာတွေ ပေးခဲ့တယ်။ အကျိုးရှိအောင်လည်း တစ်သက်ပတ်လုံး ဆောင်ရွက်ပေးခဲ့တယ်။ အဲဒီမိဘဆွေမျိုးတွေရဲ့ ဂုဏ်ကျေးဇူးတွေကို ပြန်နှလုံးသွင်း ဆင်ခြင်ပြီးတော့ ကွယ်လွန်သွားကြတဲ့ မိဘဆွေမျိုးများအတွက် ဒါနစတဲ့ ကောင်းမှုအထူးတွေပြုပြီးတော့ အမျှအတန်း ပေးဝေကြရမယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း

www.dhammadownload.com



ယခုတရားနာပရိသတ်များ မိမိတို့ရဲ့ မိဘဆွေမျိုးတွေ ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်းမှာ အမျှဝေသောအားဖြင့် ကျေးဇူးမဆပ်ရပါဘူးလား … ကျေးဇူးဆပ်ရပါတယ်ဘုရား။ ကျေးဇူးဆပ်ရတယ်တဲ့။

မိဘရဲ့ကျေးဇူးကတော့ ဆပ်လို့မကျေ၊ ဆပ်လို့မကုန်။ အသက်ထင်ရှားရှိနေတဲ့ အခိုက်အတန့်မှာလည်း ကျေးဇူးဆပ်ရတယ်။ ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်းမှာလည်း ကျေးဇူးဆပ်ရတယ်။ မိဘကျေးဇူးသိတတ်တဲ့ သားသမီးတစ်ယောက် မိဘနှစ်ပါးကို ပခုံး၌ထမ်းပြီးတော့ အနှစ်တစ်ရာပတ်လုံး ပြုစုလုပ်ကျွေးပင် လုပ်ကျွေးငြားသော်လည်း မိဘရဲ့ကျေးဇူးဟာ ဆပ်လို့မကျေ၊ ဆပ်လို့မကုန်ပါဘူး။ မြတ်စွာဘုရား ဟောကြားတော်မူတာကတော့ "မိဘနှစ်ပါးတို့ကို ပခုံးတစ်ဖက်စီ၌ထမ်း၍ အနှစ်တစ်ရာပတ်လုံး လုပ်ကျွေးပါသော်လည်း ဆပ်လို့မကုန်" ဟု ဘယ်ညာမပါ သာမန်သာ ဟောကြားတော်မူပါသည်။
(အံ-ပါ-၁/၆၃)

အဲဒီမှာ အဋ္ဌကထာဆရာ၊ ဋီကာဆရာတွေက တကယ်စင်စစ်ဆိုရင် ဖခင်ကို ညာဘက်ပခုံးက

www.dhammadownload.com



ထမ်းဖို့ပဲ။ အခုတော့ မိခင်ကို ညာဘက်ပခုံးကထမ်း၊ ဖခင်ကို ဘယ်ပခုံးကထမ်းရသလဲ ... ဘယ်ဘက်ပခုံးက ထမ်းရပါတယ်ဘုရား။ ညာဘက်ပခုံးက အမြတ်အရာမှာ တည်တယ်။ တကယ်စင်စစ်တော့ "ဖခင်ကို ညာဘက် ပခုံးကထမ်း"လို့ အဲဒီလိုမဆိုဘဲနဲ့ "မိခင်ကို ညာဘက် ပခုံးကထမ်း"လို့ဆိုတာကို အဋ္ဌကထာဆရာ၊ ဋီကာဆရာ တွေက အကြောင်းပြကြတယ်။

**မာတာပိတူနံ** = အမိအဖတို့တွင်၊ **မာတာဝ ဗဟုပကာရတရာ** = မိခင်က ပိုပြီးတော့ ကျေးဇူးများ တယ်တဲ့။ သားသမီးတွေအတွက် ပိုပြီးတော့ ကျေးဇူး မများနေပါဘူးလား ... ကျေးဇူးများနေပါတယ်ဘုရား။ အနီးကပ် ပြုစုရတယ်။ အနီးကပ် ကြီးပွားလာအောင် စောင့်ရှောက်ပေးရတယ်။ မိခင်ကပိုပြီးတော့ ကိုယ်ထိ လက်ရောက် မစောင့်ရှောက်ရပါဘူးလား ... စောင့် ရှောက်ရပါတယ်ဘုရား။ ဒါကြောင့် "အမိကို ညာဘက် ပခုံးကထမ်း"ဆိုတာကို (အံ-ဋ္ဌ-၂/၂၇)၊ (အံ-ဋီ-၂/၂၈) တို့၌ အဋ္ဌကထာဆရာ၊ ဋီကာဆရာများက ဖွင့်ပြကြ ပါသည်။

www.dhammadownload.com



သဘာဝမှကျပါရဲ့လား ... သဘာဝကျပါတယ်ဘုရား။ ဖခင်ကြီးတွေက ကျေမှကျေနပ်ပါ့မလား ... ကျေနပ်ပါတယ်ဘုရား။ မြတ်စွာဘုရားဟောတာကို အဋ္ဌကထာဆရာ၊ ဋီကာဆရာတွေက အကြောင်းပြတာကိုး။ မိခင်က ပိုပြီးတော့ အကျိုးပြုတဲ့အတွက်ကြောင့်၊ အကျိုးများတဲ့အတွက်ကြောင့် မိခင်ကို ညာဘက်ပခုံးကထမ်းကျေးဇူးပိုကြီးတယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

အနှစ်တစ်ရာပတ်လုံး ပြုစုလုပ်ကျွေး ကျေးဇူးဆပ်ပင်ဆပ်ငြားသော်လည်း မိဘရဲ့ကျေးဇူးဟာ ဆပ်လို့မကုန်၊ ဆပ်လို့မကျေနိုင်ဘူး။ ဘာနဲ့ဆပ်မှကျေနိုင်လဲဆိုတော့ တရားနဲ့ဆပ်မှပဲ ကျေနိုင်တော့တယ်တဲ့။ သီလနဲ့မပြည့်စုံသေးတဲ့ မိခင်ဖခင်များကို သီလတွေနဲ့ ပြည့်စုံလာအောင် တရားဟောပြ။ သမာဓိဉာဏ်နဲ့ မပြည့်စုံသေးတဲ့ မိခင်ဖခင်များကို သမာဓိဉာဏ်တွေ ပြည့်စုံလာအောင် တရားဟောပြ။ တရားနဲ့ဆပ်မှပဲ ကျေပါတယ်။ ဘာဖြစ်လို့ အခုလောက်တောင် ကျေးဇူးကြီးရတာလဲဆိုတော့ မြတ်စွာဘုရား အဲဒီသုတ္တန်ဒေသနာတော်မှာဟောကြားပါတယ်။

www.dhammadownload.com



**မာတာပိတရော** = အမိအဖတို့သည်၊ **အသဒ္ဓေ** = သဒ္ဓါတရားမရှိသည်၌၊ **သဒ္ဓါယ** = သဒ္ဓါတရားရှိလာစေခြင်းငှာ၊ **သမာဒပေတိ** = ဆောက်တည်စေ၏၊ **နိဝေသေတိ** = သွတ်သွင်းပေး၏၊ **ပတိဋ္ဌာပေတိ** = တည်စေ၏။

သားငယ်သမီးငယ်တွေ သဒ္ဓါတရားနဲ့မပြည့်စုံရင် သဒ္ဓါတရားနဲ့ပြည့်စုံအောင် မိဘတွေက မတိုက်တွန်းရပါဘူးလား ... တိုက်တွန်းရပါတယ်ဘုရား။ တိုက်တွန်းခဲ့တယ်။ တည်စေခဲ့တယ်။

**(အံ-ပါ-၁/၆၃)**

**ဒုဿီလေ** = သီလမရှိသည်၌၊ **သီလသမ္ပဒါယ** = သီလနှင့်ပြည့်စုံစေခြင်းငှာ၊ **မာတာပိတရော** = အမိအဖတို့သည်၊ **သမာဒပေတိ** = ဆောက်တည်စေ၏၊ **နိဝေသေတိ** = သွတ်သွင်းပေး၏၊ **ပတိဋ္ဌာပေတိ** = တည်စေ၏။

www.dhammadownload.com



သားငယ်သမီးငယ်တွေ သီလနဲ့မပြည့်စုံရင် သီလနဲ့ပြည့်စုံအောင် မိဘတွေက မပြုပြင်ပေးခဲ့ပါဘူးလား ... ပြုပြင်ပေးခဲ့ပါတယ်ဘုရား။

**မစ္ဆရီ** = ဝန်တိုသော သားငယ်သမီးငယ်ကို၊ **စာဂါယ** = စွန့်ကြဲခြင်း၌၊ **သမာဒပေတိ** = ဆောက်တည်စေ၏၊ **နိဝေသေတိ** = သွတ်သွင်းပေး၏၊ **ပတိဋ္ဌာပေတိ** = တည်စေ၏။

အလှူဒါနမပြုတတ်တဲ့ သားငယ်သမီးငယ်တွေကိုလည်း အလှူဒါနပြုတတ်အောင် မဆောင်ရွက်ပေးခဲ့ပါဘူးလား ... ဆောင်ရွက်ပေးခဲ့ပါတယ်ဘုရား။

**ပညာသမ္ပဒါယ** = ပညာနဲ့ပြည့်စုံစေခြင်း၌၊ **သမာဒပေတိ** = ဆောက်တည်စေ၏။ **နိဝေသေတိ** = သွတ်သွင်းပေး၏။ **ပတိဋ္ဌာပေတိ** = တည်စေ၏။

ပညာဉာဏ်နဲ့မပြည့်စုံသေးရင် ပညာဉာဏ်နဲ့ပြည့်စုံအောင် မိဘတွေက ဆောက်တည်စေတယ်။

www.dhammadownload.com



သွတ်သွင်းပေးတယ်။ တည်စေတယ်။ အဲဒီဂုဏ်ကျေးဇူး တွေကြောင့် ကျေးဇူးဟာ ဆပ်လို့မကုန်ဘူးတဲ့။

လောကီလောကုတ္တရာ နှစ်ဖြာစလုံးပါပဲ။ မိဘ တွေက အဲဒီလို သီလ၌တည်စေတယ်၊ သဒ္ဓါတရား၌ တည်စေခဲ့တဲ့ မိဘတွေဖြစ်တဲ့အတွက်ကြောင့် ဆပ်လို့ မကုန်၊ ဆပ်လို့မကျေ။ တရားနဲ့ဆပ်မှပဲ ကျေနိုင်တယ် တဲ့။ ဘာ့ကြောင့် မိဘကျေးဇူးတွေက ယခုလောက် ကျေးဇူးတွေကြီးရတာလဲဆိုတော့ မြတ်စွာဘုရား သုတ္တန် တစ်ခု ဟောကြားထားပါတယ်။ သဗြဟ္မသုတ်တဲ့။

### ဗြဟ္မာတိ မာတာပိတရော။

**မာတာပိတရော** = အမိအဖတို့ကို၊ **ဗြဟ္မာတိ** = ဗြဟ္မာတို့ဟူ၍၊ **ဝုစ္စရေ-ဝုစ္စန္တိ** = မိန့်ဆိုအပ်ကုန်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ ပါပေသတည်း။

(အံ-၁/၁၃၀)

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com



မိဘတွေဟာ သားသမီးတွေအတွက် ပြဟ္မာပဲ တဲ့။ ပြဟ္မာနဲ့တူပါတယ်တဲ့။ မိဘနဲ့အတူတကွနေရတဲ့ သားသမီးများဟာ ပြဟ္မာနဲ့အတူတကွနေရသလို အေး ချမ်းပါတယ်ဆိုတဲ့အဓိပ္ပါယ်။

ငယ်ရွယ်စဉ်အခါ ၅-နှစ်၊ ၁၀-နှစ်သားအရွယ်တွေ၊ ၅-နှစ်၊ ၁၀-နှစ်သမီးအရွယ်တွေ မိဘအရိပ်အောက် နေ ခဲ့ရတာကို ပြန်နှလုံးသွင်း ဆင်ခြင်လိုက်ရင် ပြဟ္မာနဲ့နေ ရသလို အေးချမ်းနေတယ်။ စားဝတ်နေရေးလည်း မပူရ၊ ပညာတတ်မြောက်ဖို့လည်း မပူရ၊ ကျန်းမာရေးအတွက် လည်း မပူရ၊ အေးချမ်းစွာမနေခဲ့ရပါဘူးလား … အေး ချမ်းစွာနေခဲ့ရပါတယ်ဘုရား။ ပြဟ္မာနဲ့နေရသလိုပါပဲတဲ့။ ဒါကြောင့် မိဘတွေဟာ သားသမီးတွေအတွက် ပြဟ္မာ ပဲလို့ မြတ်စွာဘုရား ဟောကြားပါတယ်။

ပြဟ္မာပြည်မှာရှိတဲ့ ပြဟ္မာတွေ ဘယ်လိုများနေ ကြသလဲ။ တစ်ခါတစ်ရံ မေတ္တာပွားပြီးတော့ နေကြ တယ်။ တစ်လောကလုံးမှာရှိနေကြတဲ့ ပုဂ္ဂိုလ်သတ္တဝါ တွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ဘေး ရန်အန္တရာယ်တွေ ကင်းကြပါစေလို့ မေတ္တာပွားပြီးတော့ နေကြတယ်။

www.dhammadownload.com



တစ်ခါတစ်ရံ ကရုဏာပွားပြီးတော့ နေကြတယ်။ တစ်လောကလုံးမှာရှိနေကြတဲ့ ဒုက္ခိတသတ္တဝါတွေ ဆင်းရဲခြင်းသို့ရောက်နေကြတဲ့ သတ္တဝါတွေ "ဆင်းရဲဟူသမျှမှ လွတ်သွားကြပါစေ၊ လွတ်သွားကြပါစေ"လို့ သနားခြင်း=ကရုဏာပွားပြီးတော့နေကြတယ်။

တစ်ခါတစ်ရံ မုဒိတာပွားပြီးတော့ နေကြတယ်။ တစ်လောကလုံးမှာရှိနေကြတဲ့ သုခိတသတ္တဝါတွေ ချမ်းသာခြင်းသို့ရောက်နေကြတဲ့ သတ္တဝါတွေ သူတို့ရရှိထားတဲ့ချမ်းသာတွေ စည်းစိမ်ဥစ္စာတွေ "မဆုတ်ယုတ်သွားကြပါစေနဲ့၊ တည်မြဲတိုင်းမှာတည်နိုင်ကြပါစေ"လို့ ဝမ်းမြောက်ဝမ်းသာ=မုဒိတာပွားပြီးတော့နေကြတယ်။

တစ်ခါတစ်ရံ ဥပေက္ခာပွားပြီးတော့ နေကြတယ်။ တစ်လောကလုံးမှာရှိနေကြတဲ့ ဒုက္ခိတသတ္တဝါတွေ ဆင်းရဲခြင်းသို့ရောက်နေကြတဲ့ သတ္တဝါတွေ၊ သုခိတသတ္တဝါတွေ ချမ်းသာခြင်းသို့ရောက်နေကြတဲ့သတ္တဝါတွေ "သူတို့ ချမ်းသာဆင်းရဲတွေနဲ့တွေ့နေကြရတာ သူတို့ပြုထားတဲ့ကံကြောင့်ပဲ၊ သတ္တဝါတွေဟာ ကမ္မဿကာပဲ"လို့ ဥပေက္ခာပွားပြီးတော့ နေကြတယ်။

www.dhammadownload.com



ဗြဟ္မာပြည်မှာရှိနေကြတဲ့ ဗြဟ္မာတွေ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရား ၄-ပါးနဲ့ အမြဲတမ်းနေကြသလို မိဘတို့သည်လည်း သားသမီးတွေအပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရား ၄-ပါးနဲ့ အမြဲတမ်း နေကြတဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက်ကြောင့် မိဘတို့သည် သားသမီးတွေအတွက် ဗြဟ္မာပဲတဲ့။ ဗြဟ္မာနဲ့တူတယ်လို့ မြတ်စွာဘုရား ဟောကြားပါတယ်။

မိဘတွေ သားသမီးတွေနဲ့ အတူတကွ နေထိုင်ရတဲ့အခါ မြင်တိုင်းမြင်တိုင်း၊ တွေ့တိုင်းတွေ့တိုင်း "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ"လို့ မိဘတွေရဲ့စိတ်ထဲမှာ အလိုလို မေတ္တာပွားပြီးသားဖြစ်နေတယ်။ တိုင်းတစ်ပါး အရပ်တစ်ပါးသို့ရောက်နေကြတဲ့ သားသမီးတွေအတွက်လည်း သတိရတိုင်း သတိရတိုင်း "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်အန္တရာယ်ကင်းကြပါစေ"လို့ မိဘတွေရဲ့စိတ်ထဲမှာ အလိုလို မေတ္တာပွားပြီးသားဖြစ်နေတယ်။ အဲဒီမေတ္တာတွေဟာလည်း ရေတွက်လို့မရအောင် များပြားပါတယ်။ ဒါကြောင့် မိဘရဲ့ကျေးဇူးဟာလည်း ရေတွက်လို့မရဘူး။

www.dhammadownload.com



ကရုဏာ = သားငယ်သမီးငယ်တွေ ငယ်ရွယ်စဉ်အခါက ထိခိုက်နာကျင်ခြင်း၊ ဖျားနာခြင်းစတဲ့ ဒုက္ခဝေဒနာတွေ ခံစားနေရတာကို မိဘတွေ တွေ့မြင်ရတဲ့အခါ အလွန်သနားခြင်း ကရုဏာတွေဖြစ်ကြတယ်။ အဲဒီသနားခြင်း ကရုဏာတွေဖြင့် ထိုဒုက္ခတွေမှ လွတ်ကြောင်းတွေ အကြိမ်ကြိမ်အဖန်ဖန်၊ အထပ်ထပ်အခါခါ ပြုလုပ်ပေးကြတယ်။ အဲဒီကရုဏာတွေဟာလည်း ရေတွက်လို့မရနိုင်အောင် များပြားပါတယ်တဲ့။

မုဒိတာ = သားငယ်သမီးငယ်တွေ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ရွှင်ရွှင်ပျပျ နေထိုင်ကြတာ၊ အတတ်ပညာတွေ သင်နေကြတာ မိဘတွေ တွေ့မြင်ရတဲ့အခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်။ ဝမ်းမြောက်ပါရဲ့လား ... ဝမ်းမြောက်ပါတယ်ဘုရား။ ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်။ သူတို့ရရှိထားတဲ့ "ချမ်းသာလေးတွေ မဆုတ်ယုတ်သွားကြပါစေနဲ့၊ တည်မြဲတိုင်းမှာ တည်နိုင်ကြပါစေ"လို့ ဝမ်းမြောက်ဝမ်းသာ မုဒိတာတွေ အကြိမ်ကြိမ်အဖန်ဖန်၊ အထပ်ထပ်အခါခါ ဖြစ်ခဲ့ကြတယ်။ အဲဒီမုဒိတာတွေဟာလည်း ရေတွက်လို့မရအောင် များပြားပါတယ်။

www.dhammadownload.com



ဥပေက္ခာ = သားငယ်သမီးငယ်တွေ ကမ္ဘာသကာ ပဲ၊ ပေယျာလကံပဲလို့ ထားနိုင်တဲ့မိဘ နည်းသလား၊ များသလား ... နည်းပါတယ်ဘုရား။ မြန်မာပြည်လို အရှေ့တိုင်းနိုင်ငံမှာတော့ မရှိသလောက်ပဲတဲ့၊ အနောက်တိုင်းနိုင်ငံတွေမှာတော့ ရှိကြတယ်တဲ့။ ဥပေက္ခာစစ်စစ်တော့ မဖြစ်ဘူး။ အတတ်ပညာတွေ တတ်မြောက်တော့ လူ့ဘောင်လူ့လောကမှာ သူ့ဟာသူ ရပ်တည်သွားနိုင်တဲ့ သားသမီးတွေကျတော့ သာမန်လျစ်လျူရှုတဲ့ ဥပေက္ခာ လောက်ပဲဖြစ်တယ်။

အဲဒီလို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရား ၄-ပါးနဲ့ သားသမီးတွေ အပေါ်မှာ အမြဲတမ်းနေကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ကြောင့် မိဘတွေဟာ သားသမီးတွေအတွက် ဗြဟ္မာပဲ၊ ဗြဟ္မာနဲ့တူတယ်လို့ မြတ်စွာဘုရား ဟောကြားပါတယ်။ ဒိဂုဏ်ကျေးဇူးကြောင့်လည်း မိဘရဲ့ကျေးဇူးဟာ ဆပ်လို့ မကျေ၊ ဆပ်လို့မကုန်။ ၁-နံပါတ်ဂုဏ်ကျေးဇူးပြီးတော့ ၂-နံပါတ်ဂုဏ်ကျေးဇူး။

www.dhammadownload.com



## ပုဗ္ဗာစရိယာတိ ဝုစ္စရေ။

**မာတာပိတရော** = အမိအဖတို့ကို၊ **ပုတ္တာနံ** = သားသမီးတို့၏၊ **ပုဗ္ဗာစရိယာတိ** = ရှေးဆရာကောင်းတို့ဟူ၍၊ **ဝုစ္စရေ-ဝုစ္စန္တိ** = မိန့်ဆိုအပ်ကုန်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။ (အံ-၁/၃၈၂)

သာဓု ... သာဓု ... သာဓုပါဘုရား။

မိဘတွေက သားသမီးတွေအတွက် အကောင်းဆုံးဆရာ၊ လက်ဦးဆရာပဲတဲ့။ ငယ်ရွယ်စဉ်အခါ သိတတ်တဲ့အရွယ်ကစပြီးတော့ ဒီလိုမသွားပါနဲ့၊ လူကြီးသူမတွေရှေ့မှာ၊ ဆရာတော်သံဃာတော်တွေရှေ့မှာ ဒီလိုသွားရတယ်။ ဒီလိုမထိုင်ပါနဲ့၊ ဒီလိုပိပိရိရိထိုင်ရတယ်။ ဒီလိုမစားပါနဲ့၊ ဒီလိုစားရတယ်။ ဒီစကားတွေ မပြောကောင်းပါဘူး၊ ဒီစကားတွေပြောရတယ်။ ဒီပုဂ္ဂိုလ်တွေကို မကိုးကွယ် မဆည်းကပ် မပေါင်းသင်းရဘူး၊ ဒီပုဂ္ဂိုလ်တွေကို ကိုးကွယ် ဆည်းကပ် ပေါင်းသင်းရတယ် စသည်ဖြင့် ပညာရှိမိဘများဆုံးမလိုက်တဲ့ ဆုံးမဩဝါဒအတိုင်း

www.dhammadownload.com



သားငယ်သမီးငယ်တွေကလည်း စိတ်ဓာတ်ကလေးတွေ နူးညံ့နေတဲ့အခိုက်အတန့် ဆုံးမလိုက်တဲ့ ဆုံးမဩဝါဒ တစ်သက်ပတ်လုံး မမေ့ကြဘူးတဲ့။

သားငယ်သမီးငယ်တို့ သူ့အသက်ကို သွား မသတ်ကြနဲ့။ သူ့အသက်ကိုသတ်လို့ရှိရင် အပါယ်ငရဲ ကျပြီးတဲ့အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ကိုယ့်အသက်တိုနေတတ်တယ်။ သူ့အသက်မသတ်ဘူး ဆိုလို့ရှိရင် ကောင်းမြတ်တဲ့ လူ့ပြည်၊ နတ်ပြည်တွေမှာ အဖန်ဖန်ကျင်လည်ရပြီးတော့ ကိုယ့်အသက်ရှည်နေ တတ်တယ်။ ပညာရှိမိဘများ မဆုံးမပါဘူးလား ... ဆုံးမ ပါတယ်ဘုရား။

**ဆောင်ပုဒ်။ ။ သူ့အသက်သတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။**

သားငယ်သမီးငယ်တို့ သူတစ်ပါးပစ္စည်းသွားမခိုး နဲ့။ သွားခိုးလိုက်လို့ရှိရင် အပါယ်ငရဲကျပြီးတဲ့အပြင် နောင် ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ပစ္စည်းဥစ္စာရှားပါးနေ တတ်တယ်။ မွဲနေတတ်တယ်။ ဒီလိုမဟုတ်ဘူး၊ သူ့ဥစ္စာ

www.dhammadownload.com



မခိုးဘူး။ အဒိန္နာဒါနသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းမယ်ဆိုလို့ရှိရင် ကောင်းမြတ်တဲ့ လူ့ပြည်၊ နတ်ပြည်တွေမှာ အဖန်ဖန်ကျင်လည်ရပြီးတော့ ကိုယ့်မှာ ပစ္စည်းဥစ္စာရတနာတွေ ပေါများကြွယ်ဝ ချမ်းသာနေတတ်တယ်။ ပညာရှိမိဘများ မဆုံးမပါဘူးလား ... ဆုံးမပါတယ်ဘုရား။

## ဆောင်ပုဒ်။ ။ ခိုးယူတတ်ခြား၊ ပစ္စည်းရှား၊ မခိုးပေါများသည်။

သားငယ်သမီးငယ်တို့ သူတစ်ပါးသားမယား သွားမဖျက်ဆီးနဲ့။ ဖျက်ဆီးလို့ရှိရင် အပါယ်ငရဲကျပြီးတဲ့အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ကိုယ့်ကိုမြင်တဲ့လူတိုင်းက အကြောင်းမဲ့မုန်းနေတတ်တယ်။ ရန်သူရန်ဘက်တွေ များနေတတ်တယ်။ ဒီလိုမဟုတ်ဘူး၊ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းတယ်။ သူတစ်ပါးသားသမီးကို မဖျက်ဆီးဘူးဆိုလို့ရှိရင်တော့ ကောင်းမြတ်တဲ့ လူ့ပြည်၊ နတ်ပြည်တွေမှာ အဖန်ဖန်ကျင်လည်ရပြီးတော့ ကိုယ့်ကိုမြင်တဲ့လူတိုင်းက ချစ်ခင်နေကြတယ်။ မြတ်နိုးနေကြတယ်။

www.dhammadownload.com



မပြောပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။ သားငယ်သမီးငယ်တွေ သူများမုန်းတာကြိုက်လား၊ မကြိုက်ဘူးလား ... မကြိုက်ပါဘုရား။ ချစ်တာအလွန် အလိုရှိတာကိုး။

## ဆောင်ပုဒ်။ ။ ကာမဂုဏ်များ၊ လူမုန်းများ၊ မမှားချစ်ခင်သည်။

သားငယ်သမီးငယ်တို့ သူတစ်ပါးတွေ အကျိုးစီးပွားပျက်အောင် လိမ်မပြောနဲ့။ လိမ်ပြောလို့ရှိရင် အပါယ်ငရဲကျပြီးတဲ့အပြင် နောင်ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ ကိုယ်ပြောတဲ့စကားတွေ ဘယ်သူမှ နားမထောင်ချင်ဘူး။ ကောင်းတာပြောလည်း မကောင်းတာတွေပြောနေတယ်လို့ ထင်ထင်သွားတတ်တယ်။ မှန်တာပြောလည်း မမှန်တာတွေပြောနေတယ်လို့ ထင်ထင်သွားတတ်တယ်။ ကိုယ့်စကားတွေ ဘယ်နေရာမှ အတည်တကျမရှိဘူး။

ဒီလိုမဟုတ်ဘူး၊ မုသာဝါဒသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းမယ်ဆိုလို့ရှိရင် ကောင်းမြတ်တဲ့

www.dhammadownload.com



လှူပြည်၊ နတ်ပြည်တွေမှာ အဖန်ဖန်ကျင်လည်ရပြီးတော့ ကိုယ်ပြောတဲ့စကားတွေ သူတစ်ပါးတွေ သိပ်နားထောင်ချင်တယ်။ ပြောပါဦး၊ ပြောပါဦး၊ နားထောင်ပါရစေဦး။ တောင်းတောင်းပန်ပန်နဲ့ သူတစ်ပါးတွေ ကိုယ့်စကားကို နားထောင်ချင်ကြတယ်။ သားငယ်သမီးငယ်လေးတွေကို မပြောပြရပါဘူးလား ... ပြောပြရပါတယ်ဘုရား။

**ဆောင်ပုဒ်။ ။ လိမ်လည်တတ်ငြား၊ စကားမတည်၊ မလိမ်ငြား၊ စကားကောင်းစွာတည်။**

သားငယ်သမီးငယ်တို့ အရက်သေစာတွေမသောက်စားနဲ့။ အရက်သေစာ သောက်စားမယ်ဆိုလို့ရှိရင် အပါယ်ငရဲကျပြီးတဲ့အပြင် နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ရူးသွပ်နေတတ်တယ်။ ဉာဏ်တုံးတတ်တယ်။ သတိမေ့တတ်တယ်။ အရက်အကြောက်လည်း ကင်းမဲ့နေတတ်တယ်။ ဒီလိုမဟုတ်ဘူး၊ အရက်သေစာ မသောက်စားဘူးဆိုလို့ရှိရင် ကောင်းမြတ်တဲ့လူ့ပြည်၊ နတ်ပြည်တွေမှာ အဖန်ဖန်ကျင်လည်ရပြီးတော့ သတိကောင်းတယ်၊ ဉာဏ်ကောင်းတယ် စသည်ဖြင့်

www.dhammadownload.com



မပြောပြရပါဘူးလား ... ပြောပြရပါတယ်ဘုရား။ ပညာရှိ မိဘများ ဆုံးမပြောပြကြတယ်။

**ဆောင်ပုဒ်။ ။ အရက်သောက်စား၊**
**မေ့လျော့များသည်၊**
**မသောက်စား၊**
**သတိဉာဏ်ပွားသည်။**

ကလေးသူငယ်တွေဆိုတော့ ဉာဏ်မကောင်း ချင်ပါဘူးလား ... ဉာဏ်ကောင်းချင်ပါတယ်ဘုရား။ ဉာဏ်ကောင်းချင်ရင် မင်းအရက်မသောက်နဲ့ မပြောရပါ ဘူးလား ... ပြောရပါတယ်ဘုရား။ ပညာရှိမိဘများ ဆုံးမ လိုက်တဲ့ အဆုံးအမ သားငယ်သမီးငယ်များကလည်း စိတ်ဓာတ်ကလေးတွေကလည်း နူးညံ့နေတဲ့အခိုက် အတန့် ဆုံးမလိုက်တဲ့ အဆုံးအမသြဝါဒ တစ်သက်ပတ် လုံး မမေ့ကြတော့ဘူး။

မိဘအဆုံးအမကောင်းတာနဲ့အမျှ သားသမီးတွေ တိုးတက်ကြီးပွားချမ်းသာကြတယ်။ မိဘအဆုံးအမ အား နည်းသွားပြီဆိုရင် သားသမီးတွေလည်း ဆုတ်ယုတ်

www.dhammadownload.com



သွားကြတယ်။ အကောင်းဆုံးဆရာပဲတဲ့။ ယခုတရားနာ ပရိသတ်များ လူ့ဘောင်လူ့လောကမှာ တင့်တင့်တယ် တယ်နဲ့ ယခုလို ချမ်းချမ်းသာသာနေနိုင်ကြတာ ဘယ်သူ့ရဲ့ အဆုံးအမကိုခံယူခဲ့ကြလို့လဲမေးရင် ... မိဘတွေရဲ့ အဆုံးအမကိုခံယူခဲ့ကြလို့ပါဘုရား။

မိဘအဆုံးအမကို မခံယူတဲ့ပုဂ္ဂိုလ်တွေ ဒီလိုကို မနေနိုင်ကြတော့ဘူး။ ဆိုးကြ၊ မိုက်ကြ၊ သောက်ကြ၊ မူးကြနဲ့ ချမ်းချမ်းသာသာ နေနိုင်ပါတော့မလား ... မနေနိုင်တော့ပါဘုရား။ တချို့တချို့သောပုဂ္ဂိုလ်တွေ အသက်တွေတောင်မှ တိုသွားကြတယ်။ မိဘစကားနားမထောင်တော့ မိုက်လိုက်၊ ဆိုးလိုက်၊ သောက်လိုက်၊ မူးလိုက်နဲ့ အသက်မတိုသွားပါဘူးလား ... အသက်တိုသွားပါတယ်ဘုရား။ ယခုခေတ်အခါတော့ ပိုထင်ရှားတယ်။ အသက်တိုတိုသွားကြတယ်။

တချို့တချို့ပုဂ္ဂိုလ်တွေ သူ့ခန္ဓာကိုယ်ကို ကြည့်လိုက်တာ အို ... အတော့်ကိုခိုင်ခံ့တယ်။ ခန္ဓာကိုယ်ကြီး အသက်ရှည်မယ့်လက္ခဏာပဲ။ ဒါပေမဲ့ သူက မိဘစကား နားမထောင်ဘူး။ သောက်လိုက်၊ စားလိုက်၊

www.dhammadownload.com



မူးလိုက်၊ ရူးလိုက်ဖြစ်နေတော့ အသက်ရှည်ပါသေးရဲ့လား ... အသက်မရှည်ပါဘုရား။ အသက်တိုသွားကြတယ်။ အကောင်းဆုံးဆရာ၊ လက်ဦးဆရာဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

အချို့အချို့သောပုဂ္ဂိုလ်တွေ သူ့မိဘတွေကို မတွေ့ရ၊ မမြင်ရဘူး။ သူ့ကိုမြင်တာနဲ့ သူ့မိဘမှာ "အခုလောကပဲ ဗုဒ္ဓယဉ်ကျေးမှုတွေ၊ လူမျိုးရေးယဉ်ကျေးမှုတွေနှင့် ပြည့်စုံနေတာပဲကိုး" လို့ သူ့မိဘတွေမှာရှိတဲ့ ဂုဏ်ကျေးဇူးတွေကို မှန်းဆပြီးတော့ သိလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘရဲ့အဆုံးအမဩဝါဒဟာ ဘယ်အရပ်ဒေသရောက်ရောက် မမေ့ကြတော့ဘူးတဲ့၊ အကောင်းဆုံးဆရာ၊ လက်ဦးဆရာပဲ။ ဒီဂုဏ်ကျေးဇူးကြောင့်လည်း မိဘကျေးဇူးဟာ ဆပ်လို့မကျေ၊ ဆပ်လို့မကုန်။ ၂-နံပါတ်ဂုဏ်ကျေးဇူးပြီးတော့ ၃-နံပါတ်ဂုဏ်ကျေးဇူး။

**အာဟုနေယျာစ ပုတ္တာနံ။**

**မာတာပိတရော** = အမိအဖတို့ကို၊ **ပုတ္တာနံ** = သားသမီးတို့၏၊ **အာဟုနေယျာ** = ခပ်သိမ်းသော

www.dhammadownload.com



အပြားအားဖြင့် အရိုအသေပူဇော်ခြင်းကို ခံယူထိုက်သောပုဂ္ဂိုလ်တို့ဟူ၍၊ **ဝုစ္စရေ-ဝုစ္စန္တိ** = မိန့်ဆိုအပ်ကုန်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

မိဘတွေဟာ သားသမီးများအတွက် အကောင်းဆုံးပူဇော်ရာ အာဟုနေယျဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ။ အာဟုနေယျဂုဏ်ဆိုတာ အရိယာသံဃာတော်များမှာရှိတဲ့ဂုဏ်။ မိဘနှင့်အတူတကွနေထိုင်ရတဲ့ သားသမီးများသည်လည်း အရိယာသံဃာတော်များနှင့် အတူတကွနေထိုင်ရသလိုပါပဲ။ ဘာနဲ့ပဲပူဇော်ပူဇော် ပူဇော်ကောင်းပါတယ်။ ရှိခိုးဦးချပြီးတော့လည်း မပူဇော်ကောင်းပါဘူးလား ... ပူဇော်ကောင်းပါတယ်ဘုရား။

ယခုခေတ်အခါ တချို့တချို့သော မိဘများက သင်ထားပေးတယ်။ သားငယ်သမီးငယ်တွေ အိပ်ခါနီးရင် မိဘတွေဆီသွားပြီးတော့ ရှိခိုးပြီးမှအိပ်တယ်။ နေရာ

www.dhammadownload.com



မကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ အို ... ငယ်ငယ်ထဲက ဒီစိတ်ကလေးရှိထားတော့ မိဘကျေးဇူး တွေ သိနေတာကိုး။

စားဖွယ်သောက်ဖွယ်တွေ စီမံချက်ပြုတ်လှူဒါန်း သောအားဖြင့်လည်း ပူဇော်လို့ရပါတယ်။ အဝတ်အထည် တွေ ချုပ်လုပ်လှူဒါန်းသောအားဖြင့်လည်း ပူဇော်လို့ရပါ တယ်။ ဝတ်ကြီးဝတ်ငယ်တွေ ပြုလုပ်ပေးသောအားဖြင့် လည်း မိဘတွေကို ပူဇော်ကြရပါတယ်တဲ့။

မိခင်ဖြစ်တဲ့ပုဂ္ဂိုလ် မကျန်းမမာဖြစ်လာတဲ့အခါ သားဖြစ်တဲ့ပုဂ္ဂိုလ်က ရေချိုးပေးကောင်းတယ်။ နင်းပေး ကောင်းတယ်။ နှိပ်ပေးကောင်းတယ်။ မသန့်ရှင်းတာ တွေ သန့်ရှင်းအောင် ကိုယ်တိုင်ပဲ ပြုပြင်ပေးကောင်း တယ်။ ဖွပ်ပေးကောင်းတယ်။ လျှော်ပေးကောင်းတယ်။ အာဟာရတွေ စီမံပြီးတော့ ပါးစပ်ထဲရောက်အောင် ခွံ့ပေးကောင်းပါတယ်။

မိခင်နဲ့သားဟာ အမျိုးသား၊ အမျိုးသမီးအနေနဲ့ အသွင်မတူဘူး။ မတူပင်မတူငြားသော်လည်း မြတ်စွာ

www.dhammadownload.com



ဘုရားက အနီးကပ် ဘယ်လိုပဲပြုစုပြုစု၊ ဘယ်လိုပဲ ပူဇော်ပူဇော် ပူဇော်ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆို တော့ မိခင်က အရိယာသံဃာမှာရှိတဲ့ အာဟုနေယျ ဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်လို့ပါပဲ။ ဘာဂုဏ်တဲ့ ... အာဟုနေယျဂုဏ်ပါဘုရား။ အာဟုနေယျဂုဏ်နဲ့ ပြည့်စုံ တဲ့ပုဂ္ဂိုလ်ဖြစ်လို့ အနီးကပ် ဘယ်လိုပဲပြုစုပြုစု၊ ဘယ်လို ပဲပူဇော်ပူဇော် ပူဇော်ကောင်းပါတယ်။

ဖခင်ဖြစ်တဲ့ပုဂ္ဂိုလ် မကျန်းမမာဖြစ်လာတဲ့အခါ သမီးဖြစ်တဲ့ပုဂ္ဂိုလ်က ရေချိုးပေးကောင်းတယ်။ နှင်းပေး ကောင်းတယ်။ နှိပ်ပေးကောင်းတယ်။ မသန့်ရှင်းတာ တွေ သန့်ရှင်းအောင် ကိုယ်တိုင်ပဲ ပြုပြင်ပေးကောင်း တယ်။ ဖွပ်ပေးကောင်းတယ်။ လျှော်ပေးကောင်းတယ်။ အာဟာရတွေ စီမံပြီးတော့ ပါးစပ်ထဲရောက်အောင် ခွံ့ပေးကောင်းပါတယ်တဲ့။

ဖခင်နှင့်သမီးဟာ အမျိုးသား၊ အမျိုးသမီးအနေနဲ့ အသွင်မတူဘူး။ မတူပင်မတူငြားသော်လည်း မြတ်စွာ ဘုရားက အနီးကပ် ဘယ်လိုပဲပြုစုပြုစု၊ ဘယ်လိုပဲပူဇော် ပူဇော် ပူဇော်ကောင်းပါတယ်။ ဘာဖြစ်လို့ပါလဲ။ ဖခင်က

www.dhammadownload.com



အရိယာသံဃာမှာရှိတဲ့ အာဟုနေယျဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ ပူဇော်ကောင်းပါတယ်။

ရဟန်းသံဃာများကိုတောင်မှ အမျိုးသမီးများက ယခုလို ကိုယ်ထိလက်ရောက် နှိပ်ပေးတာတို့၊ ပွတ်ပေးတာတို့ ပြုကောင်းလား၊ မပြုကောင်းပါဘူးလား ... မပြုကောင်းပါဘုရား။ အဲဒါလည်း ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေ သတိမထားရပါဘူးလား ... သတိထားရပါမယ်ဘုရား။ သိက္ခာပုဒ်တွေရှိတယ်၊ အာပတ်ကြီးငယ်တွေ သင့်သွားတတ်တယ်။

ဒီလိုဆိုရင် မပြုစုရတော့ဘူးလားဘုရား၊ တပည့်တော်တို့က သိပ်ပြုစုချင်တာ။ မပြုစုချင်ပါဘူးလား ... ပြုစုချင်ပါတယ်ဘုရား။ သက်ကြီးဝါကြီး သံဃာတော်ကြီး၊ ဆရာတော်ကြီးတွေကို ပြုစုချင်တယ်။ ကိုယ်ထိလက်ရောက်တော့ ပြုစုပေးလို့မရဘူး။ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ပြည့်စုံအောင်တော့ မပြုစုရပါဘူးလား ... ပြုစုရပါတယ်ဘုရား။ ပြုစုရတယ်တဲ့။

www.dhammadownload.com



မိဘတွေကျတော့ ဒီလိုမဟုတ်ပါဘူး။ အနီးကပ် ဘယ်လိုပဲပြုစုပြုစု၊ ဘယ်လိုပဲပူဇော်ပူဇော် ပူဇော်ကောင်း ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရိယာသံဃာမှာရှိ နေတဲ့ အာဟုနေယျဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဖြစ်လို့ ပါပဲတဲ့။ ဒီဂုဏ်ကျေးဇူးကြောင့်လည်း မိဘရဲ့ဂုဏ်ကျေးဇူး ဟာ ဆပ်လို့မကျေ၊ ဆပ်လို့မကုန်။

မိဘကျေးဇူးသိပြီးတော့ ကျေးဇူးဆပ်တဲ့ သား သမီးများကျတော့ ပြောခဲ့ပြီးသည့်အတိုင်း ဒီဘဝမှာလည်း ကိုယ်ချမ်းသာစိတ်ချမ်းသာနဲ့ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးတရားတွေ တိုးပွားအောင် ဆောင် ရွက်နိုင်ပြီးတော့ နိဗ္ဗာန်ချမ်းသာရောက်သည့်ဘဝတိုင် အောင် အထောက်အပံ့ကောင်းတွေဖြစ်သွားနိုင်တယ်လို့ သိကြလို့ ယခုတရားနာပရိသတ်များ မိမိတို့ရဲ့ မိဘတွေ ကို စွမ်းနိုင်သမျှ ကျေးဇူးမဆပ်နေကြရပါဘူးလား ... ကျေးဇူးဆပ်နေကြရပါတယ်ဘုရား။

အသက်ထင်ရှားရှိတဲ့အခိုက်လည်း ကျေးဇူးဆပ် ကြရတယ်။ ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်းမှာလည်း ကောင်းမှုအထူးတွေပြုပြီးတော့ အမျှအတန်းပေးဝေသော

www.dhammadownload.com



အားဖြင့် ကျေးဇူးဆပ်နေကြရတယ်။ မြတ်စွာဘုရား၏ တရားဒေသနာတော်အရ အလွန်ပဲ တရားနာပရိသတ်များအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်စရာ မကောင်းပါဘူးလား ... ဝမ်းမြောက်ဝမ်းသာဖြစ်စရာ ကောင်းပါတယ်ဘုရား။

ဒီလိုမဟုတ်ဘူး၊ မိဘကျေးဇူးရှိတယ် မသိဘူး၊ မဆပ်ဘူးဆိုလို့ရှိရင်တော့ ထိုပုဂ္ဂိုလ်တွေဟာ ပြောင်းပြန်ပဲတဲ့။ ဒီဘဝမှာလည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေဖြစ်နေတတ်တယ်။ နောက်နောင်သံသရာဘဝတွေမှာလည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေဖြစ်ပြီးတော့၊ အကုသိုလ်တရားတွေ တိုးပွားပြီးတော့ အပါယ်ငရဲတိုင်အောင်လည်း ကျသွားနိုင်တယ်တဲ့။

ဒီတရားတော်တွေကတော့ အရှေ့တိုင်းနိုင်ငံတွေမှာတော့ အလွန်ပဲအကျိုးများတယ်။ ထေရဝါဒနိုင်ငံတွေမှာ အလွန်ပဲအကျိုးများပါတယ်။ အနောက်တိုင်းနိုင်ငံတွေကျတော့ ဒီလောက် အကျိုးမများတော့ဘူး။ ဒီတရားတွေကို သိပ်များများကြီး သွားဟောနေလို့

www.dhammadownload.com



တော်မှတော်ပါ့မလား ... မတော်ပါဘုရား။ သူတို့ ယဉ်ကျေးမှုနဲ့ ဆန့်ကျင်နေလို့။

သူတို့က မိဘနဲ့ ကင်းကင်းကွာကွာလေး နေနိုင်မှ၊ မိဘရဲ့ကျေးဇူးကို မသိတဲ့အနေနဲ့ ကင်းကင်းကွာကွာလေး နေနိုင်မှ သူတို့ယဉ်ကျေးမှုတစ်ခုလို့ သတ်မှတ်ထားတယ်တဲ့။ ၁၈-နှစ်၊ ၁၉-နှစ်၊ အသက် ၂၀-အရွယ် ဆိုရင် မိဘအိမ်ကထွက်သွားပြီးတော့ သူ့ဟာသူ သီးခြားလေး သွားနေလိုက်တယ်။ မိဘအိမ်ကို မလာဘဲနဲ့ ကင်းကင်းလေး နေနိုင်တဲ့ပုဂ္ဂိုလ်ဟာ ပိုပြီးတော့ သူတို့ ယဉ်ကျေးမှုနဲ့ ပြည့်စုံတယ်တဲ့။ မြန်မာယဉ်ကျေးမှုနဲ့တော့ တူပါသလား၊ ဆန့်ကျင်နေပါသလား ... ဆန့်ကျင်နေပါတယ်ဘုရား။ ဆန့်ကျင်နေတယ်။

အဲဒါလည်း အနောက်တိုင်းနိုင်ငံတွေမှာ အနေကြာသွားတဲ့ပုဂ္ဂိုလ်တွေကျတော့ အနောက်တိုင်း ယဉ်ကျေးမှုတွေကို သဘောကျသွားတတ်ပါတယ်။ ကျနေတဲ့ လက္ခဏာလေးတွေ လျှောက်ထားဖူးတယ်။ အနောက်တိုင်းနိုင်ငံမှာလိုပဲ နေတာကောင်းပါတယ်ဘုရားတဲ့။ ဘာဖြစ်လို့လဲဆိုတော့ အရှေ့တိုင်းနိုင်ငံတွေမှာ မိဘ

www.dhammadownload.com



တွေက သားသမီးတွေကလည်းများ၊ ဟိုသားသမီးတွေ အလိုလိုက်၊ ဒီသားသမီးတွေအလိုလိုက်နဲ့ အကုသိုလ်တရားတွေ ပွားပါတယ်ဘုရားတဲ့။ အနောက်တိုင်းလို ကင်းကင်းလေးနေတာပဲ ကောင်းပါတယ်ဘုရားတဲ့။ ကောင်းပါသလား ... မကောင်းပါဘုရား။

ကြာလေ ကင်းကင်းနေလေ မိဘကျေးဇူးမသိ၊ မဆပ်တော့ ဘယ်များရောက်သွားတတ်ပါလဲ ... အပါယ်ငရဲရောက်သွားတတ်ပါတယ်ဘုရား။ မြန်မာပြည်ကို အနောက်တိုင်းနိုင်ငံသားတွေလည်း ယခုအခါ ဝင်နေထွက်နေကြတော့ လူငယ်ပိုင်းက အနောက်တိုင်း ယဉ်ကျေးမှုတွေ သဘောများကျသွားရင်တော့ နေရာမှ ကျပါတော့မလား ... နေရာမကျပါဘုရား။ နေရာမကျ တော့ဘူး။

သင်တို့ယဉ်ကျေးမှုတွေ ငါတို့တိုင်းပြည်ကို မယူခဲ့နဲ့၊ ငါတို့ဗုဒ္ဓယဉ်ကျေးမှုတွေ သင်တို့တိုင်းပြည်ကို ပြန်ယူသွား၊ ဒီလိုပြောဖို့မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ ပြန်ယူသွား၊ သင်တို့အကျိုးများလိမ့်မယ်။

www.dhammadownload.com



မိဘကျေးဇူးက ဆပ်လို့မကုန်၊ ဆပ်လို့မကျေ။ ဆောင်ပုဒ်လေးတွေဆိုထားရအောင်။

**ဆောင်ပုဒ်။ ။ မိဘဟူသည်၊ ဗြဟ္မာတူ၏၊**
**လက်ဦးဆရာ၊ ပူဇော်ရာ၊**
**မှန်စွာဖြစ်ပေသည်။**

မိဘတွေဟာ သားသမီးတွေအတွက် ဗြဟ္မာနဲ့လည်းတူတယ်။ လက်ဦးဆရာ၊ အကောင်းဆုံးဆရာလည်း ဖြစ်ပါတယ်။ အကောင်းဆုံးပူဇော်ရာ အာဟုနေယျဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေလည်း ဖြစ်ပါတယ်။

**ဆောင်ပုဒ်။ ။ ထို့ကြောင့်ပင်လျှင်၊ ကျေးဇူးရှင်၊**
**အစဉ်ဖြစ်ပေသည်။**

ကျေးဇူးရှင်ဖြစ်တဲ့အတွက်ကြောင့် အမြဲကျေးဇူးဆပ်နေရတယ်။ ပညာရှိမိဘများသည် သားယယ်သမီးငယ်တို့ကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစပြီးတော့ လူလားမြောက်သည်အထိ ပြုစုလုပ်ကျွေးရတဲ့ အခါမှာ အဲဒီသားငယ်သမီးငယ်တွေအပေါ်မှာ မျှော်လင့်ချက် ၅-ပါး ထားပါတယ်တဲ့။ ပညာရှိမိဘများ သားသမီး

www.dhammadownload.com



တွေအပေါ်မှာ မျှော်လင့်ချက် ဘယ်နှချက်ထားပါသတဲ့ ... ၅-ချက်ထားပါတယ်ဘုရား။ ၅-ချက်ထားတယ်။

(အံ-၂/၃၇)

**ဘတော ဝါ နော ဘရိဿတိ။**

**ဘတော** = မွေးမြူအပ်သော သားငယ်သမီးငယ်သည်၊ **နော** = ငါတို့အား၊ **ဘရိဿတိ** = ပြန်၍ မွေးမြူလတ္တံ့။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစပြီးတော့ လူလားမြောက်သည်အထိ ပြုစုလုပ်ကျွေးလိုက်တဲ့ သားငယ်သမီးငယ်တွေ "မိဘတွေ အိုမင်းမစွမ်းဖြစ်လာတဲ့အခါ မိဘတွေကိုလည်း ပြန်ပြီးတော့ ပြုစုလုပ်ကျွေးကြလိမ့်ဦးမယ်"လို့ ဒီလိုလည်း ပညာရှိမိဘများက မျှော်လင့်ချက်ထားပါတယ်တဲ့။

www.dhammadownload.com



ဆောင်ပုဒ်။ ။ မိဘနှစ်ဖြာ၊ အိုမင်းလာ၊
ပြန်ကာလုပ်ကျွေးကြလိမ့်မည်။

၁-နံပါတ်မျှော်လင့်ချက်ပြီးတော့ ၂-နံပါတ် မျှော်လင့်ချက်။

**ကိစ္စံ ဝါ နော ကရိဿတိ။**

**ဘတော** = မွေးမြူအပ်သော သားငယ်သမီးငယ်သည်၊ **နော** = ငါတို့၏၊ **ကိစ္စံ** = အမှုကိစ္စကို၊ **ကရိဿတိ** = ပြုပေးလတ္တံ့။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစပြီးတော့ လူလားမြောက်သည်အထိ ပြုစုလုပ်ကျွေးလိုက်တဲ့ သားငယ်သမီးငယ်တွေ "မိဘတွေ အိုမင်းမစွမ်းဖြစ်လာလို့ ရပ်ရွာကိစ္စ၊ အိုးအိမ်ကိစ္စ၊ မင်းရေးစိုးရေးကိစ္စတွေ မဆောင်ရွက်နိုင်တော့ဘူး။ မဆောင်ရွက်နိုင်လောက်အောင် အိုမင်းသွားတဲ့အခါ သားငယ်သမီးငယ်တွေ

www.dhammadownload.com



သူတို့ရဲ့ကိစ္စကို အသာထားပြီးတော့ အိုမင်းမစွမ်းဖြစ်နေတဲ့ မိဘတွေရဲ့ကိစ္စကို လာရောက်ပြီးတော့ ဆောင်ရွက်ပေးကြလိမ့်မယ်"လို့ ဒီလိုလည်း ပညာရှိမိဘများက မျှော်လင့်ချက်ထားပါတယ်တဲ့။

**ဆောင်ပုဒ်။ ။ မိဘတို့မှာ၊ ပြုဖွယ်ရာ၊ ကူကာလုပ်ပေးကြလိမ့်မည်။**

၂-နံပါတ်မျှော်လင့်ချက်ပြီးတော့ ၃-နံပါတ် မျှော်လင့်ချက်။

**ကုလဝံသော စိရံ ဌဿတိ။**

**ဘတော** = မွေးမြူအပ်သော သားငယ်သမီးငယ်သည်၊ **ကုလဝံသော** = မိမိတို့၏အမျိုးအနွယ်ကို၊ **စိရံ** = ကြာမြင့်စွာ၊ **ဌဿတိ** = တည်အောင်ပြုလတ္တံ့။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com



ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစပြီးတော့ လူလားမြောက်သည်အထိ ပြုစုလုပ်ကျွေးလိုက်တဲ့ သားငယ်သမီးငယ်တွေ "မိဘတွေ ကွယ်လွန်သွားပြီးသည့်နောက်ပိုင်းမှာ မိဘရဲ့ရိုးရာ၊ အမျိုးအနွယ်တွေ အရှည်သဖြင့်တည်နေရအောင် ဆောင်ရွက်နေကြလိမ့်မယ်"လို့ ဒီလိုလည်း ပညာရှိမိဘများက မျှော်လင့်ကြပါတယ်။

မိဘရဲ့ရိုးရာတွေက လောကရေးရာ စီးပွားရေးကြီးပွားရေးအမျိုးအနွယ်၊ သာသနာရေးရာအမျိုးအနွယ်လို့ နှစ်ခုရှိပါတယ်။ လောကရေးရာ စီးပွားရေးကြီးပွားရေး အမျိုးအနွယ်တွေကိုလည်း အရှည်သဖြင့်တည်နေရအောင် ဆောင်ရွက်ရတယ်။ ကုန်သည်မျိုးဆိုလို့ရှိရင်လည်း ကုန်သည်အဆင့်အတန်းက မကျဆင်းစေဘဲနဲ့ အရှည်သဖြင့်တည်နေရအောင် ဆောင်ရွက်ရတယ်။ အမှုထမ်းအရာထမ်း အမျိုးအနွယ်ဆိုလို့ရှိရင်လည်း အမှုထမ်းအရာထမ်း အဆင့်အတန်းက မကျဆင်းရအောင်၊ အရှည်သဖြင့်တည်နေရအောင် သားငယ်သမီးငယ်တွေက ဆောင်ရွက်ကြလိမ့်မယ်။ ဒီလိုလည်း ပညာရှိမိဘများက မျှော်လင့်ချက်ထားကြပါတယ်။

www.dhammadownload.com



သာသနာရေးရာအမျိုးအနွယ်၊ မိဘတွေ တည်ထားကိုးကွယ်တဲ့ ကျောင်း၊ ဘုရား၊ စေတီဝတ်တွေကို မပျက်စီးစေပါနဲ့၊ အရှည်သဖြင့်တည်နေရအောင် သားငယ်သမီးငယ်တွေက ဆက်လက်ပြီးတော့ ဆောင်ရွက်နေကြမယ်လို့ ဒီလိုလည်း ပညာရှိမိဘများက မျှော်လင့်ချက်ထားကြပါတယ်။

**ဆောင်ပုဒ်။ ။ မျိုးရိုးစဉ်လာ၊ ရှည်မြင့်ကြာ၊**
**တည်ရာပြုကြပေလိမ့်မည်။**

၃-နံပါတ်မျှော်လင့်ချက်ပြီးတော့ ၄-နံပါတ်မျှော်လင့်ချက်။

**ဒါယဇ္ဇံ ပဋိပဇ္ဇိဿတိ။**

**ဒါယဇ္ဇံ** = အမွေခံထိုက်အောင်၊ **ပဋိပဇ္ဇိဿတိ** = ကျင့်၍အမွေခံလတ္တံ့။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com



ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစပြီးတော့ ပြုစုလုပ်ကျွေးလိုက်တဲ့ သားငယ်သမီးငယ်တွေ မိဘတွေ ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်းမှာ မိဘတွေရဲ့ ရိုးရာ အကျင့်သိက္ခာတွေ မပျက်ကြပါဘဲနဲ့ မိဘတွေရဲ့ အမွေ အနှစ်ကို ခံယူနိုင်ကြပါစေ"လို့ ဒီလိုလည်း ပညာရှိမိဘ တွေက မျှော်လင့်ချက်ထားကြပါတယ်။

## ဆောင်ပုဒ်။ ။ မွေခံထိုက်ရာ၊ ကျင့်ဖွယ်ရာ၊ ကျင့်ကာမွေခံကြလိမ့်မည်။

အမွေခံထိုက်တဲ့ သားသမီးတွေကလည်း ၃-မျိုး ရှိပါတယ်တဲ့။ အတိဇာတသားသမီး၊ အနုဇာတသားသမီး၊ အဝဇာတသားသမီးလို့ သားသမီးဘယ်နှမျိုးပါလဲ ... ၃-မျိုးပါဘုရား။

အတိဇာတသားသမီးဆိုတာကတော့ မိဘတွေ ထက်ကို အဖက်ဖက်က သာလွန်နေတယ်။ လောက ရေးရာဘက်က စီးပွားရေး၊ ကြီးပွားရေး အတတ်ပညာ ကလည်း မိဘတွေထက် သာလွန်နေတယ်။ စီးပွားရေး၊ ကြီးပွားရေးတွေက မိဘတွေထက် သာလွန်ပြီးတော့

www.dhammadownload.com



ပိုပြည့်စုံတယ်။ ဓမ္မရေးရာဘက်က သီလ၊ သမာဓိ၊ ပညာကလည်း မိဘတွေထက် ပိုပြီးတော့ပြည့်စုံနေတယ်။ ဒီလိုသားသမီးမျိုးလည်း ရှိတတ်ပါတယ်တဲ့။ ဒီလိုသားသမီးမျိုးကို အတိဇာတသားသမီးတဲ့။ ဘာသားသမီး ... အတိဇာတသားသမီးပါဘုရား။

အနုဇာတသားသမီးဆိုတာကတော့ မိဘတွေနဲ့ အလားတူပဲပြည့်စုံတယ်။ လောကရေးရာဘက်က စီးပွားရေး၊ ကြီးပွားရေး အတတ်ပညာကလည်း မိဘတွေလောက်ပဲ တတ်မြောက်တယ်။ စီးပွားရေး၊ ကြီးပွားရေးတွေကလည်း မိဘတွေလောက်ပဲ ပြည့်စုံတယ်။ ဓမ္မရေးရာဘက်က သီလ၊ သမာဓိ၊ ပညာတွေကလည်း မိဘတွေလောက်ပဲ ပြည့်စုံတယ်။ ဒီလိုသားသမီးမျိုးလည်း ရှိတတ်ပါတယ်။ ဒီလိုသားသမီးမျိုးကိုတော့ အနုဇာတသားသမီး။ ဘာသားသမီး ... အနုဇာတသားသမီးပါဘုရား။

အဝဇာတသားသမီးဆိုတာကတော့ မိဘတွေအောက် အဖက်ဖက်ကဆုတ်ယုတ်နေတယ်။ လောကရေးရာ စီးပွားရေး၊ ကြီးပွားရေး အတတ်ပညာကလည်း

www.dhammadownload.com



မိဘတွေလောက် မတတ်မြောက်ရာဘူး။ စီးပွားရေး၊ ကြီးပွားရေးတွေကလည်း မိဘတွေလောက် မပြည့်စုံရာဘူး။ ဓမ္မရေးရာဘက်က သီလ၊ သမာဓိ၊ ပညာကလည်း မိဘတွေလောက် မပြည့်စုံဘူး။ ဒီလိုသားသမီးမျိုးလည်း ရှိတတ်ပါတယ်တဲ့။ ဒီလိုသားသမီးမျိုးကိုတော့ အဝဇာတ သားသမီး။ ဘာသားသမီးပါလဲ ... အဝဇာတသားသမီး ပါဘုရား။

ဒီသားသမီး ၃-မျိုးလုံးက မိဘရဲ့ရိုးရာ အကျင့် သိက္ခာ မပျက်ဘူးဆိုလို့ရှိရင်တော့ မိဘရဲ့အမွေကို ခံထိုက်ပါတယ်။ အမွေခံထိုက်တဲ့ သားငယ်သမီးငယ်တွေ ဖြစ်ကြပါစေလို့ ဒီလိုလည်း ပညာရှိမိဘများက မျှော်လင့် ချက်ထားကြပါတယ်။

မိဘရိုးရာ အကျင့်သိက္ခာတွေ သိပ်ပျက်သွားလို့ ရှိရင်တော့ အမွေခံထိုက်ပါတော့မလား ... အမွေမခံ ထိုက်တော့ပါဘုရား။ အမွေမခံထိုက်တော့ဘူး။ အသီး သီးသောတိုင်းပြည်နှင့် မြန်မာပြည်မှာလည်း ကြေညာတာ ရှိပါတယ်။ သိပ်ဆိုးတဲ့သားသမီးတွေအတွက် အမွေပြတ် မကြေညာရပါဘူးလား ... ကြေညာရပါတယ်ဘုရား။

www.dhammadownload.com



အခြားသားသမီးတွေရဲ့ ပစ္စည်းတွေပါ ပျက်စီးကုန်မှာ ကြောက်တဲ့အတွက်ကြောင့်၊ အမွေတွေပါ ပျက်စီးကုန်မှာ စိုးရိမ်တဲ့အတွက်ကြောင့် အမွေပြတ်ကြေညာပေးရတယ်။

မြတ်စွာဘုရားလက်ထက်တော်အခါက အိန္ဒိယ ပြည်မှာ သူဌေးကြီးတွေ၊ သူကြွယ်ကြီးတွေ အလွန်ချမ်း သာကြပါတယ်။ အဲဒီသူဌေးကြီးတွေ၊ သူကြွယ်ကြီးတွေ မှာ သားငယ်သမီးငယ်တွေရှိတယ်။ မိဘရိုးရာ အကျင့် သိက္ခာ မပျက်ဘူးဆိုလို့ရှိရင်တော့ သူဌေးကြီးတွေ သူကြွယ်ကြီးတွေ ကွယ်လွန်သွားတဲ့အခါ သားငယ်သမီး ငယ်တွေ အမွေတွေခွဲယူကြရတယ်။

ဒီလိုမဟုတ်ဘူး၊ သားငယ်သမီးငယ်တွေ မိဘ ရိုးရာ အကျင့်သိက္ခာတွေ သိပ်ပျက်တယ်ဆိုလို့ရှိရင်တော့ သူဌေးကြီးတွေ၊ သူကြွယ်ကြီးတွေ ကွယ်လွန်သွားတဲ့အခါ မင်းတွေကနေပြီးတော့ အဲဒီပစ္စည်းတွေကို မင်းဘဏ္ဍာ အဖြစ်ဖြင့် အကုန်သိမ်းယူလိုက်တယ်။ ဒီသားငယ်သမီး ငယ်တွေကို ပေးသင့်သလောက်ပဲ ပေးတော့တယ်တဲ့။ အဲဒီလို "အမွေမခံထိုက်တဲ့ပုဂ္ဂိုလ်တွေ မဖြစ်ကြပါစေနဲ့၊

www.dhammadownload.com



အမွေခံထိုက်တဲ့ သားငယ်သမီးငယ်တွေ ဖြစ်ကြပါစေ" လို့ ပညာရှိမိဘများ မျှော်လင့်ချက်ထားကြပါတယ်။

**ဆောင်ပုဒ်။ ။ မွေခံထိုက်ရာ၊ ကျင့်ဖွယ်ရာ၊ ကျင့်ကာမွေခံကြလိမ့်မည်။**

၄-နံပါတ်မျှော်လင့်ချက်ပြီးတော့ ၅-နံပါတ် မျှော်လင့်ချက်။

**ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ**
**အနုပဒဿတိ။**

**ပေတာနံ ကာလင်္ကတာနံ** = တမလွန်ဘဝသို့ ပြောင်းသွားကြကုန်သော မိဘတို့ကို၊ **ဉဒ္ဒိဿ** = ရည်မှန်း၍၊ **ဒက္ခိဏံ** = မြတ်သောအလှူကို၊ **အနုပဒဿတိ** = လှူ၍အမျှဝေလတ္တံ့။ **တ္တတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com



ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစပြီးတော့ လူလားမြောက်သည်အထိ ပြုစုလုပ်ကျွေးလိုက်တဲ့ သားငယ်သမီးငယ်တွေ မိဘတွေကွယ်လွန်သွားပြီးတဲ့အခါ မိဘတွေအတွက် ရည်မှန်းပြီးတော့၊ ဒါနစတဲ့ ကောင်းမှုတွေပြုပြီးတော့ အမျှအတန်းဝေကြလိမ့်မယ်လို့ ဒီလိုလည်း ပညာရှိမိဘတွေက မျှော်လင့်ချက်ထားကြပါတယ်တဲ့။

ဘာဖြစ်လို့ ဒီမျှော်လင့်ချက်ကိုထားရတာလဲဆိုတော့ ပညာရှိမိဘတွေဆိုတော့ လူ့ဘောင်လူ့လောကမှာ နေထိုင်ကြရတာ လူမှုရေးရာကိစ္စတွေက အလွန်များပြားလှတဲ့အတွက်ကြောင့် တရားတွေပြည့်စုံအောင် အားမထုတ်သွားနိုင်ဘူး။ အားမထုတ်နိုင်ဘဲနဲ့ ကွယ်လွန်ခါနီးမှာ အာရုံပြုတွေလွဲ၊ အယူအဆတွေလွဲသွားလို့ရှိရင် ယုတ်နိမ့်ရာ ယုတ်နိမ့်ရာဘုံဘဝသို့ ကျရောက်သွားနိုင်တာကို သိပြီးတော့ သားသမီးတွေအပေါ်မှာ မျှော်လင့်ချက်မထားပါဘူးလား ... မျှော်လင့်ချက်ထားပါတယ်ဘုရား။ မျှော်လင့်ချက်ထားကြပါတယ်တဲ့။

**ဆောင်ပုဒ်။ ။ ကွယ်လွန်သောခါ၊ လှူဖွယ်ရာ၊**
**လှူကာမျှဝေကြလိမ့်မည်။**

www.dhammadownload.com



ပညာရှိမိဘများ ၅-နံပါတ်မျှော်လင့်ချက်အတိုင်း ယခုတရားနာပရိသတ်များလည်း ကွယ်လွန်သွားတဲ့ မိဘတွေအတွက် ဒါနစတဲ့ ကောင်းမှုအထူးတွေပြုပြီးတော့ အမျှမဝေရပါဘူးလား ... အမျှဝေကြရပါတယ်ဘုရား။ အမျှဝေကြရတယ်။ မြတ်စွာဘုရား တရားဒေသနာတော်အရ မိမိတို့ဘက်က ဝတ္တရားတွေကျေအောင် အမျှဝေသောအားဖြင့် ကျေးဇူးဆပ်ရတယ်။

အဲဒီပညာရှိမိဘများ မျှော်လင့်ချက် ၅-ပါးကိုပင်လျှင် မြတ်စွာဘုရားက သိင်္ဂါလောဝါဒသုတ္တန်ဒေသနာတော်ကျတော့ သားသမီးကျင့်ဝတ် ၅-ပါးပဲလို့ သတ်မှတ်ပြီးတော့ ဟောကြားလိုက်ပါတယ်။ သားသမီးကျင့်ဝတ် ၅-ပါးနဲ့လည်း မိဘ၏ကျေးဇူးတွေကို မဆပ်ရပါဘူးလား ... ဆပ်ရပါတယ်ဘုရား။ ဆပ်ရတယ်။ အထူးသဖြင့်တော့ ကွယ်လွန်သွားပြီးတဲ့ မိဘများအတွက် အမျှဝေပြီးတော့ ကျေးဇူးဆပ်ရတယ်။

အမျှဝေလိုက်တဲ့ ကုသိုလ်တွေဟာလည်း လျော့သွားတယ်လို့တော့မရှိဘူး။ လျော့သွားသလား ... မလျော့သွားပါဘုရား။ အမျှဝေတယ်ဆိုတာ ပေးလိုက်

www.dhammadownload.com



တာပါပဲတဲ့။ **"မမ ပုညဘာဂံ သမံ ပဋိလာဘန္တု၊ မမ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ"။** ဒေမဆိုတာ ပေးလိုက်တာပါပဲ။ လောကမှာရှိတဲ့ပစ္စည်းတွေ ပေးလိုက်ရင် မကုန်သွားပါဘူးလား ... ကုန်သွားပါတယ်ဘုရား။ အမျှဝေပြီးတော့ ကုသိုလ်တွေပေးလိုက်တယ်။ အမျှဝေလိုက်တဲ့အခါကျတော့ ကုန်သွားသလား ... မကုန်ပါဘုရား။ မကုန်ဘူး၊ တိုးသာ တိုးလာတာပါပဲတဲ့။

အဲဒါတွေ ဘာသာခြား၊ နိုင်ငံခြားသားတွေက အလွန်မေးတတ် မြန်းတတ်ကြတယ်။ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေ ကိုယ့်ကုသိုလ်တွေ သူများတွေကို အမျှဝေပေးနေတယ်။ မကုန်သွားဘူးလားလို့မေးရင် ... မကုန်သွားပါဘုရား။ မကုန်သွားဘူး၊ တိုးသာ တိုးလာတာပါပဲတဲ့။ တိုးလာတဲ့အကြောင်း သာဓကလေး။

တစ်ချိန်သောအခါ အရှင်အနုရုဒ္ဓါလောင်းသည် "အန္နဘာရ"မည်သော မြက်ထမ်းသမားဖြစ်လေ၏။ သုမနသူဌေးအိမ်၌ ခိုကပ်၍နေရ၏။ တစ်နေ့သောအခါ အန္နဘာရသည် တောအရပ်မှ မြက်များကိုရိတ်ပြီး၍ မြက်ထုံးကြီးထမ်းကာ ပြန်လာလေ၏။

www.dhammadownload.com



ထိုအချိန်အခါ၌ ဂန္ဓမာဒနတောင်မှ ရှင်ပစ္စေကဗုဒ္ဓါရဟန္တာသည်လည်း နိရောဓသမာပတ်မှ ထလေ၏။ ထပြီးသည့်အခါ "အဘယ်ပုဂ္ဂိုလ်ကို ချီးမြှောက်ရမည်နည်း"ဟု ကြည့်လိုက်ရာ အန္နဘာရမြက်ထမ်းသမားကို မြင်ရ၍ ကောင်းကင်ခရီးဖြင့်ကြွလာပြီးတော့ အန္နဘာရရှေ့နား၌ သက်ဆင်းပြီး သပိတ်ပိုက်ကာ ဆွမ်းခံကြွသည့်အမူအရာနှင့် ကြွသွားလေ၏။

အန္နဘာရမြင်သည့်အခါ မြက်ထုံးကြီးချပြီးတော့ အမြန်ပြေးလိုက်သွားလေ၏။ "အရှင်ဘုရား ... ဆွမ်းပြည့်စုံပါပြီလားဘုရား"။ "အို-သူတော်ကောင်း ... ပြည့်စုံပါလိမ့်မယ်"။ ပြည့်စုံပါလိမ့်မယ်ဆိုတော့ ပြည့်စုံနေပြီလား ... မပြည့်စုံသေးပါဘုရား။ မပြည့်စုံသေးဘူး။ "ဒီလိုဆိုရင် ဒီနားမှာ ခေတ္တဆိုင်းပါဦးဘုရား"ဟု လျှောက်ထား၍ အမြန် အိမ်သို့ပြန်သွားလေ၏။

အန္နဘာရသည် အိမ်သူမဖြစ်တဲ့ ဆင်းရဲသူမကို မေးလေ၏။ "မိမိအတွက် တစ်ထပ်စာထမင်း ပြည့်စုံနေပြီလား"။ "ပြည့်စုံနေပါပြီ"။ အန္နဘာရသည် အမြန်ပြန်လာပြီး ရှင်ပစ္စေကဗုဒ္ဓါရဟန္တာဆီက သပိတ်ကို

www.dhammadownload.com



တောင်းယူ၍ အိမ်သို့ပြန်သွားကာ ဆင်းရဲသူမကို တရားဟောလေ၏။

"ငါတို့မှာ ဘဝါဘဝက ဒါနမျိုးစေ့နည်းခဲ့လို့၊ ဒါနကုသိုလ်ကောင်းမှုနည်းခဲ့လို့ ယခုလို ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်းနှင့် နေထိုင်ကြရတာ။ ဒါနကုသိုလ်ကောင်းမှုပြုတယ်ဆိုတာလည်း တစ်ခါတစ်ခါ ပစ္စည်းဥစ္စာကရှိပါရဲ့၊ အလှူခံပုဂ္ဂိုလ်နှင့်မတွေ့ရပြန်ဘူး။ တစ်ခါတစ်ခါ အလှူခံပုဂ္ဂိုလ်နှင့်တွေ့ပါရဲ့၊ လှူဖွယ်ပစ္စည်းက မရှိပြန်ဘူး။ ဒီနေ့တော့ တစ်ထပ်စာထမင်းလည်း ရှိနေပြီ။ အလှူခံပုဂ္ဂိုလ်နှင့်လည်း တွေ့ကြုံနေရပြီ။ လှူကြပါစို့၊ လှူကြပါစို့"ဟု ဆင်းရဲသူမကို တရားမဟောရပါဘူးလား ... တရားဟောရပါတယ်ဘုရား။ တရားပြရတယ်။

ဒီလိုမဟုတ်ဘူး၊ မိမိအတွက် တစ်ထပ်စာထမင်းပေးဆိုပြီးတော့ အတင်းယူသွားရင်တော့ အိမ်သူမက စိတ်မချမ်းသာပါ့မလား ... စိတ်မချမ်းသာပါဘုရား။ အို-ဆင်းရဲသူမဆိုတာ တစ်ထပ်စာထမင်း တစ်ခါရပြီးတော့ ချက်ရဦးမယ်။ "ဒီလူကြီး တယ်အနိုင်ကျင့်တဲ့လူကြီးပဲ" လို့ ဒီလိုများဖြစ်သွားရင် နေရာမှကျပါတော့မလား ...

www.dhammadownload.com



နေရာမကျတော့ပါဘုရား။ အဲဒီလိုမဖြစ်စေဘူး။ ဒီဗွစကွဲ အဘိညာဉ်ရမယ့်၊ တေဒဂ်ရမယ့် အလောင်းတော်လေး ဆိုတော့ တရားမဟောတတ်ပါဘူးလား ... ဟောတတ် ပါတယ်ဘုရား။

တရားဟောတော့ အိမ်သူမဖြစ်တဲ့ ဆင်းရဲသူမ ကလည်း သဘောတွေကျပြီးတော့ သူ့အတွက် တစ်ထပ် စာထမင်းပါ သပိတ်ထဲလောင်းထည့်ပြီး လှူလိုက်တယ်။ အနန္တာရသည် ပစ္စေကဗုဒ္ဓါရဟန္တာကို သပိတ်သွားပြန် ကပ်ပြီးတော့ သူ၏အပေါ်ရုံ အဝတ်ကလေးကိုလည်း ခင်းပေးတယ်။ "ဒီနေရာမှာပဲ ထိုင်ပြီးတော့ ဘုဉ်းပေးပါ ဘုရား"လို့ လျှောက်ထားတော့ ရှင်ပစ္စေကဗုဒ္ဓါ အဲဒီ နေရာမှာပဲ ထိုင်ဘုဉ်းပေးတယ်။ ဘုဉ်းပေးပြီးသည့်အခါ သပိတ်တွေဘာတွေ ဆေးပြီးတော့ပြန်ကပ်တယ်။ ပြန် ကပ်ပြီးတဲ့အခါ ဆုတောင်းတယ်။

www.dhammadownload.com



**ဣမိနာ ပန ဒါနေန၊**
**မာ မေ ဒလိဒ္ဒိယံ အဟု။**
**နတ္ထီတိ ဝစနံ နာမ၊**
**မာ အဟောသိ ဘဝါ ဘဝေ။**

**ဣမိနာ ပန ဒါနေန** = ဤသို့ တစ်ထပ်စာမျှသောဆွမ်းကို လှူဒါန်းရတဲ့ကောင်းမှုကြောင့်၊ **မေ** = တပည့်တော်အား၊ **ဘဝါဘဝေ** = ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌၊ **ဒလိဒ္ဒိယံ** = ဆင်းရဲသားအမျိုး၌၊ **မာ အဟု** = မဖြစ်ရပါလို၏ဘုရား။

**ဣမိနာ ပန ဒါနေန** = ဤသို့ တစ်ထပ်စာမျှသောဆွမ်းကို လှူဒါန်းရတဲ့ကောင်းမှုကြောင့်၊ **မေ** = တပည့်တော်အား၊ **ဘဝါဘဝေ** = ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌၊ **နတ္ထီတိ ဝစနံ နာမ** = မရှိပါဟူသောစကားသည်၊ **မာ အဟောသိ** = မသိရပါလို၏ဘုရား။ ၂-ခွန်း ဆုတောင်းတယ်။

"ဤတစ်ထပ်စာဆွမ်းကို လှူဒါန်းရတဲ့ကောင်း မှုကြောင့် နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ဆင်းရဲသားမျိုးမှာ မဖြစ်ရပါလို၏။ နောင်ဖြစ်လေရာ

www.dhammadownload.com



ဘဝတိုင်းဘဝတိုင်းမှာ မရှိဟူသောစကားကို မသိရပါလို၏"ဟု ဆုတောင်းတယ်။ ဆုတောင်းလေး မကောင်းဘူးလား ... ကောင်းပါတယ်ဘုရား။ ကောင်းလိုက်တာ။ ယခုတိုင် ရာဇဝင်မတွင်နေပါဘူးလား ... ရာဇဝင်တွင်နေပါတယ်ဘုရား။

မရှိစကား မကြားရပါလို၏ဆိုတာ ဘယ်သူ့ဆီကလာတာလဲ ... ရှင်အနုရုဒ္ဓါလောင်း အန္နဘာရဆီကလာတဲ့ ဆုတောင်းပါဘုရား။ အန္နဘာရဆီကလာတဲ့ ဆုတောင်းလေး။ မရှိဟူသောစကားကို မသိရပါလို၏။ မကြားရပါလို၏တဲ့။

အဲဒီလို ဆုတောင်းတာတွေ၊ ရှင်ပစ္စေကဗုဒ္ဓါက ဆုပေးတာတွေကို သုမနသူဌေးအိမ်က နတ်တွေကကြားတော့ သာဓုခေါ်တယ်။ သာဓုခေါ်တော့ သုမနသူဌေးကမေးတယ်။ "ဘာဖြစ်လို့ သင်တို့ သာဓုခေါ်ကြတာလဲ"။ "အန္နဘာရ တစ်ထပ်စာဆွမ်းအလှူကို သိရလို့ သာဓုခေါ်တာပါ"။ "အို ... ငါတို့အိမ်မှာ အလှူဒါနတွေပြုနေတာ သင်တို့ သာဓုမခေါ်ပဲကိုး။ အန္နဘာရ ဆွမ်းတစ်ထပ်စာလေးကိုသွားပြီး သာဓုခေါ်တာကိုး"လို့ သူဌေးက ပြောလေ၏။

www.dhammadownload.com



နတ်တွေကပြန်ပြောတယ်။ "အနန္တာရအလှူက ထူးခြားတဲ့အလှူဖြစ်လို့ သာဓုခေါ်ရတာ"။ သူဌေးက ကြားထားတော့ "အနန္တာရ ပြန်ရောက်လာရင်တော့ အဲဒီတစ်ထပ်စာဆွမ်းအလှူကို ဝယ်ယူမယ်။ တစ်ကျပ် ပေးပြီးတော့ ဝယ်ယူမယ်။ တစ်ဒေါ်လာပေးပြီးတော့ ဝယ်ယူမယ်"ဟု ကြံစည်ကာ သူဌေးကစောင့်နေတယ်။ သူဌေးဆိုတော့ အမြင်မကျယ်ပါဘူးလား ... အမြင် ကျယ်ပါတယ်ဘုရား။

အနန္တာရရောက်လာတော့ "အနန္တာရ ... သင် ဆွမ်းတစ်ထပ်စာလှူခဲ့တယ်ဆို"။ "လှူခဲ့ပါတယ်"။ "ကျွန်ုပ်ကိုရောင်းပါ"။ "မရောင်းနိုင်ပါဘူး"။ သုမနသူဌေး သည် ရောင်းနိုင်ဖို့ရာ တစ်ကျပ်မှ တစ်ထောင်ထိအောင် တိုး၍တိုး၍ ပေးလေ၏။ အနန္တာရသည် တစ်ထောင်ထိ အောင် တိုး၍ပေးသော်လည်း "မရောင်းနိုင်"ဟု ဆိုလေ ၏။ သုမနသူဌေးက "ဒီလိုဆိုရင် ငွေတစ်ထောင်ကိုယူ၍ အကျွန်ုပ်ကို အမျှဝေပါ"ဟု ဆိုလေ၏။

(အံ-ဋ္ဌ-၁/၁၄၆)

www.dhammadownload.com



အန္တဘာရက "ဤကဲ့သို့ အမျှဝေ၍ ပေးသင့်၊ မပေးသင့်ကို အကျွန်ုပ်မသိပါ။ အရှင်မြတ် ပစ္စေကဗုဒ္ဓါကိုမေးပြီးမှ အကယ်၍ အမျှဝေ၍ ပေးသင့်သည်ဟုဆိုပါမှ ဝေပေးပါမည်"ဟုဆိုကာ အရှင်ပစ္စေကဗုဒ္ဓါထံ သွားရောက်၍ မေးလျှောက်လေ၏။ "အရှင်ဘုရား ... သုမန သူဌေးက တပည့်တော်၏ တစ်ထပ်စာဆွမ်းအလှူကို အမျှဝေပေးပါဟု တောင်းဆိုနေပါသည်။ ပေးသင့်၊ မပေးသင့်ကို မိန့်ကြားပေးတော်မူပါဘုရား"ဟု လျှောက်ထားလေ၏။

(အံ-ဋ္ဌ-၁/၁၄၇)

"အန္တဘာရ ... အမျှဝေသင့်သည်။ ဥပမာကို ပြောပြမည်။ ဥပမာအားဖြင့် အိမ်တစ်ရာရှိသည့်ရွာမှာ ပထမအိမ်တစ်အိမ်၌သာ မီးရရှိထားသည်။ ကျန် ၉၉-အိမ်မှလူတွေက မီးရရှိထားသည့်အိမ်မှာ သူတို့၏ ဆီမီး၊ ဖယောင်းတိုင်တို့ဖြင့် လာရောက်၍ ထွန်းညှိကြပါလျှင် ပထမအိမ်ကမီးလည်း မလျော့သွားပါဘဲ ၉၉-အိမ်တို့မှာလည်း မီးတွေရရှိသွားသလိုပါပဲ။ အမျှဝေလိုက်သဖြင့် သင့်၏ တစ်ထပ်စာဆွမ်းအလှူလည်း မလျော့သွားသလို၊

www.dhammadownload.com



၉၉-အိမ်မှာလည်း မီးတွေရရှိသွားသလို သုမနသူဌေး မှာလည်း ဆွမ်းအလှူကောင်းမှုကို ရရှိသွားနိုင်ပေသည်" ဟု မိန့်ကြားတော်မူလိုက်လေသည်။

အန္နဘာရသည် ပစ္စေကဗုဒ္ဓါကို ရှိခိုးဦးချပြီး သုမနသူဌေးထံသို့ သွားရောက်၍ "ပိဏ္ဍပါတ ဆွမ်း အလှူယူပါလော့"ဟု အမျှဝေလိုက်၏။ သုမနသူဌေးက ချက်ချင်းပင် ငွေတစ်ထောင်ကို ပေးလိုက်၏။ "အကျွန်ုပ် သည် ဆွမ်းကိုရောင်းသည်မဟုတ်၊ သဒ္ဓါတရားဖြင့် သင့်အား၊ သင်တို့အား အမျှဝေခြင်းသာဖြစ်သည်"ဟု ပြောကြားလိုက်လေ၏။

အန္နဘာရက ပြောသည်မှာ "အကျွန်ုပ်သည် တစ်ထပ်စာဆွမ်းကို ရောင်းသည်မဟုတ်၊ သဒ္ဓါတရားဖြင့် အမျှဝေခြင်းသာဖြစ်၏"ဟု ပြောလေ၏။ သူဌေးကလည်း "အကျွန်ုပ်သည် သင့်အား ဂုဏ်ကိုပူဇော်သောအားဖြင့် တစ်ထောင်ပေးခြင်းဖြစ်ပေသည်"ဟု ပြောလေ၏။ သုမနသူဌေးက ပြောပြန်သည်မှာ "ငွေတစ်ထောင်ကို ရပြီးသောနေ့မှစ၍ မိမိလက်ဖြင့် အမှုကိစ္စ ဘာမျှမပြု ပါနဲ့တော့၊ သင့်လျော်သောနေရာမှာ အိမ်ဆောက်၍

www.dhammadownload.com



နေထိုင်ပါ၊ သင်အလိုရှိသမျှ အကျွန်ုပ်က အားလုံးပေးပါမည်”။

နိရောဓသမာပတ်မှထသော အရှင်ပစ္စေကဗုဒ္ဓအား လှူဒါန်းသည့်ဆွမ်းအလှူသည် လှူနေဆဲခဏ၌ပင် အကျိုးပေး၏။ ထို့ကြောင့် သုမနသူဌေးသည် တစ်ပါးသောနေ့တို့၌ အန္နဘာရကို မင်းကြီးထံသို့ မခေါ်သွားမူ၍ ယနေ့မှသာ မင်းကြီးထံ ခေါ်သွားလေ၏။ မင်းကြီးထံရောက်သွားသောအခါ မင်းကြီးက သုမနသူဌေးကို မကြည့်မူ၍ အန္နဘာရကိုသာ ကြည့်၍နေလေ၏။ သုမနသူဌေးက မေးလျှောက်သည်မှာ “မင်းကြီးသည် အကျွန်ုပ်ကို မကြည့်ပါဘဲ အန္နဘာရကိုသာ ဘာကြောင့်ကြည့်နေပါသလဲ”ဟု မေးလျှောက်သောအခါ မင်းကြီးက “ယနေ့မှ ဤလူကိုတွေ့ရသောကြောင့် ကြည့်ရခြင်းဖြစ်သည်”ဟု မိန့်ကြားလိုက်လေ၏။

“မင်းကြီးလည်း ကြည့်ထိုက်ပေသည်။ ဤသူက မိမိအတွက် ဆွမ်းတစ်ထပ်စာကို မစားမူ၍ ဥပရိဋ္ဌအရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းထားသောကြောင့် အကျွန်ုပ်က ငွေတစ်ထောင်ထပ်ပေးရပါသည်”။ “သူ့အမည်က

www.dhammadownload.com



ဘယ်လိုခေါ်ပါသလဲ"။ "အန္နဘာရဟု ခေါ်ပါသည်"။ "ဒီလိုဆိုရင် ကျွန်ုပ်မင်းကြီးထံမှလည်း ငွေတစ်ထောင် ပေးထိုက်၏"ဟု မိန့်ဆို၏၊ မင်းကြီးကလည်း အန္နဘာရကို ငွေတစ်ထောင် ထပ်၍ပေးလေ၏။ မင်းကြီးက အန္နဘာရနေထိုင်ဖို့ရာ အိမ်ရာမြေကွက်ကိုလည်း ပေးပြန်၏။

အလုပ်သမားများက အိမ်ရာမြေကွက်ကို သွားရောက်၍ ရှင်းလင်းပေးကြသောအခါ ရွှေအိုးတွေ နှုတ်ခမ်းချင်းထိ၍ ပေါ်တက်လာကြ၏။ ထိုအခါ မင်းကြီးထံ ရွှေအိုးတွေပေါ်လာတဲ့အကြောင်း လျှောက်ထားကြသောအခါ "ကျွန်ုပ်မင်းကြီးအတွက် ရွှေအိုးများဖြစ်သည်"ဟု မိန့်ကြားလိုက်သည့်အတိုင်း တူးဖော်ကြရာတွင် ရွှေအိုးများသည် အပေါ်သို့ မတက်လာပါဘဲ အောက်သို့သာ မြုပ်၍မြုပ်၍ ဝင်သွားကြလေ၏။

ထိုအခါ မင်းကြီးထံ အကြောင်းကြားကြပြန်၏။ မင်းကြီးက "အန္နဘာရအတွက် ရွှေအိုးများဖြစ်သည်"ဟု မိန့်ကြားလိုက်သည့်အတိုင်း တူးဖော်ကြရာတွင် လွယ်ကူစွာ ရွှေအိုးများကို ရရှိလာကြသဖြင့် နန်းတော်ရင်ပြင်၌ ပုံထားကြလေ၏။ ထိုအခါ မင်းကြီးက အမတ်ကြီး

www.dhammadownload.com



များကိုခေါ်၍ ပြလေ၏။ "အမတ်ကြီးတို့ ... ဤမျှ များပြားသော ရွှေအိုးများကို မြင်ဖူးကြပါရဲ့လား"ဟု မေးရာ အမတ်ကြီးများက "မမြင်ဖူးကြပါ"ဟု လျှောက်ထားသော အခါ "အမတ်ကြီးတို့ ... အနွဘာရကို သူဌေးဘွဲ့ မပေးသင့်ပါဘူးလား" "ပေးသင့်ပါသည်"ဟု လျှောက်ထားကြသဖြင့် အနွဘာရကို သူဌေးကြီးဘွဲ့ ပေးလိုက်လေ၏။

## အနွဘာရဆွမ်းအလှူ ဆင္ဒဂ်ဒါနဖြစ်ပုံ အလှူခံပုဂ္ဂိုလ်ဘက်မှ အင်္ဂါ ၃-ပါး

ဉပရိဋ္ဌပစ္စေကဗုဒ္ဓသည် ကိလေသာအာသဝေါကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်သောကြောင့် အလှူခံပုဂ္ဂိုလ်ဘက်မှ အင်္ဂါ ၃-ပါး ပြည့်စုံနေပေ၏။

၁။ ဉပရိဋ္ဌပစ္စေကဗုဒ္ဓသည် လောဘလည်း ကင်းပြီးသောပုဂ္ဂိုလ်ဖြစ်ခြင်း။

၂။ ဉပရိဋ္ဌပစ္စေကဗုဒ္ဓသည် ဒေါသလည်း ကင်းပြီးသောပုဂ္ဂိုလ်ဖြစ်ခြင်း။

၃။ ဉပရိဋ္ဌပစ္စေကဗုဒ္ဓသည် မောဟလည်း ကင်းပြီးသောပုဂ္ဂိုလ်ဖြစ်ခြင်း။

www.dhammadownload.com



## အလှူပေးပုဂ္ဂိုလ်ဘက်မှ အင်္ဂါ ၃-ပါး

၁။ အန္နဘာရသည် မလှူမီရှေ့အဖို့ကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း။

၂။ အန္နဘာရသည် လှူနေဆဲခဏ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း။

၃။ အန္နဘာရသည် လှူပြီးသည့်နောက်ကာလ၌လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းဟူသော အင်္ဂါ ၃-ပါးနှင့်လည်း ပြည့်စုံနေ၏။

ဤကဲ့သို့ အလှူခံပုဂ္ဂိုလ်ဘက်ကလည်း အင်္ဂါ ၃-ပါးနှင့် ပြည့်စုံနေပေသည်။ အလှူပေးပုဂ္ဂိုလ်ဘက်ကလည်း အင်္ဂါ ၃-ပါးနှင့် ပြည့်စုံနေပေသည်။ ဤကဲ့သို့ အင်္ဂါ ၆-ပါးနှင့်ပြည့်စုံသော ဆွမ်းအလှူဖြစ်သောကြောင့် ဤဘဝ၌ပင် ဆင်းရဲသားဘဝမှ သူဌေးကြီးဘဝသို့ ရောက်ရခြင်းဖြစ်ပေသည်။ **မဟပ္ဖလ** = ကြီးသောအကျိုးကို ရရှိခြင်း ဖြစ်ပေသည်။

www.dhammadownload.com



အရှင်အနုရုဒ္ဓါအလောင်းသည် အန္နဘာရ ဆင်းရဲသားဘဝက ဆွမ်းအလှူခံပုဂ္ဂိုလ်သည် -

၁။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓရဟန္တာဖြစ်ခြင်း၊
၂။ နိရောဓသမာပတ်မှထ၍ စင်ကြယ်သော အချိန်ကာလဖြစ်ခြင်း၊
၃။ မြက်ထမ်း၍ တရားသဖြင့်ရသော တစ်ထပ်စာ ဆွမ်းလှူဖွယ်ပစ္စည်းဖြစ်ခြင်း၊
၄။ အန္နဘာရ၏စေတနာ ထက်သန်ရွှင်လန်းခြင်းဟူသော ဤအင်္ဂါ ၄-ပါးနှင့်ပြည့်စုံသော ဆွမ်းအလှူဖြစ်ပေသည်။ ထို့ကြောင့် ပထမဇောကုသိုလ်စေတနာကံက ယခုမျက်မှောက်ဘဝ၌ပင် အန္နဘာရ ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်အောင် အကျိုးပေးလိုက်ခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ "**မိဘကျေးဇူးဆပ်ပါ သိကောင်းစရာ**" တရားတော်ကို နာကြားရသဖြင့် နာကြားရသော အတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ် တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော

www.dhammadownload.com



နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရား ပေးသောဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်